# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ (8-1-2015) (၈၀၇၉)


**ဗုဒ္ဓအလိုကျ အဆုံးအမတော်**

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။

(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ယနေ့မာတိကာ


ကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ကြမည် စာမျက်နှာ - ၂

ရွေးကောက်ပွဲ ပွင့်လင်းမြင်သာ အောင်မြင်စွာ ကျင်းပနိုင်ရေး နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိ စာမျက်နှာ - ၃

အဲလက်စ်ဆောင်း ကင်မရွန်း ကစားသမားဘဝမှ အနားယူပြီ စာမျက်နှာ - ၁၃


# ကချင်တိုင်းရင်းသားတို့၏ ရိုးရာပွဲတော် မနောပွဲ

မနောပွဲဆိုသည်မှာ ကချင်တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ဟု လူတိုင်းသိကြမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဗြိတိသျှတို့လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး ၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့ဟု သတ်မှတ်ပေးခဲ့သည်။ ထိုနေ့တွင် မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကချင်ပြည်နယ်၏ ပြည်နယ်ကောင်စီကို ဖွဲ့စည်းခဲ့ပြီး ကချင်ပြည်နယ်အစိုးရကို ဖွဲ့စည်းခဲ့သည်။ ထို့အတူ ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်အဖြစ် မနောပွဲကိုလည်း ကျင်းပခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

**သတင်း-ဝင်းနိုင်(ကြေးမုံ)**
**ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)**



# ကျေးရွာ ၁၈ ရွာမှ ပြည်သူများ ငါးမွေးမြူထုတ်လုပ်နိုင်စေရန် ကျပ်သိန်းပေါင်း ၅၀၀၀ ကျော်ထုတ်ချေးမည်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၈ ရွာ အတွက် ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်ငါးမွေးမြူ ထုတ်လုပ်နိုင်စေရန်နှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မြစိမ်းရောင်စီမံကိန်းအရ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၅၄၀၀ အား အရင်း မပျောက်ချေးငွေအဖြစ် ဖေဖော်ဝါရီလအတွင်း အပြီးသတ် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ငါးမွေးမြူရေးလုပ်ငန်း အား စိတ်အားထက်သန်မှုနှင့် အကောင်အထည်ဖော်ဆောင် ရွက်နိုင်မှုရှိ၍ အရင်းအနှီးလိုအပ်နေသော ကျေးရွာများကို အဓိကဦးစားပေး ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တစ်ပိုင် တစ်နိုင် ငါးမွေးမြူခြင်းဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက် လာကာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာ နိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးမျိုးအောင်က ပြောကြားသည်။

"မြစိမ်းရောင်စီမံကိန်းအတွက် ရန်ပုံငွေထပ်ရလို့ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေကို အရင်းမပျောက် ချေးငွေတွေထုတ်ချေးပေးတာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် ငါးမွေးမလား၊ ငါးဖမ်းကိရိယာတွေဝယ်မလား၊ ငါးမွေးဖို့ မြေနေရာဝယ်မလား စတဲ့လိုအပ်တဲ့နေရာတွေမှာ သုံးနိုင်ဖို့ အရင်းအနှီးထုတ်ပေးတဲ့သဘောပါ။ ငါးလုပ်ငန်းလုပ်ကိုင် နေတဲ့ ကျေးရွာတွေမှာ အမှန်တကယ် အရင်းအနှီးလိုအပ် နေသူတွေကို ဦးစားပေးပြီး ထုတ်ချေးပေးတာပါ။ နောင်လည်း ရန်ပုံငွေရတဲ့အပေါ်မူတည်ပြီး ထပ်မံချေးပေး သွားမှာပါ"ဟု ပြောသည်။

မြစိမ်းရောင်စီမံကိန်းအရ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၁၁၅၀ ကို သတ်မှတ်ထုတ်ပေးခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၈ ရွာအတွက် ငါးမွေးမြူရေးလုပ်ငန်းဦးစီးဌာနမှ ထုတ်ချေးပေးမည်ဖြစ်ကာ ယင်းသို့ထုတ်ပေးရာတွင် ကော်မတီဖွဲ့စည်း၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ဟားခါး | -၁ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၄ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၆ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၆ ဒီဂရီစင်တီဂရိတ် |




ကြေးမုံစာတည်းရှေ့ထောင့် ၈-၁-၂၀၁၅၊ ကြာသပတေးနေ့

# ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်ကြမည်

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ ခေတ်ဟောင်း စနစ်ဟောင်းတစ်ခုမှ ခေတ်သစ် စနစ်သစ်တစ်ခုဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်ခဲ့ရာ လေးနှစ်တာကာလအတွင်း အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။

ထိုသို့ ပြောင်းလဲဆောင်ရွက်ရာတွင် အစိုးရ၏အား၊ တပ်မတော်၏အား၊ ပြည်သူတစ်ရပ်လုံး၏စွမ်းအားများဖြင့် ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့သောကြောင့် အောင်မြင်မှုများ ရရှိလာသည်ဟု ဆိုရပါမည်။ ဦးဆောင်မှုပြုသည့်အစိုးရက ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းပေးရေး ရည်မှန်းချက်တစ်ခုတည်းဖြင့် အလေးထားဆောင်ရွက်ပေးနေသည်။ အစိုးရ၊ လွှတ်တော်အသီးသီး၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူတို့၏ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ညင်သာချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့သည်မှာ အငြင်းပွားစရာမရှိပါ။

နိုင်ငံတော်အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံကို ပြောင်းလဲလာအောင် လွှမ်းခြုံဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းတို့ကို နိုင်ငံ၏ပကတိအရှိတရားအပေါ် အခြေခံလျက် စနစ်တကျ လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်နေသည်မှာ တတိယလှိုင်းသို့ပင် ရောက်ရှိနေသည်ကို မြင်တွေ့ရသည်။

ပြုပြင်ပြောင်းလဲရေး လှိုင်းအဆင့်ဆင့်မှ ပေါ်ထွက်လာသော အောင်မြင်မှုအသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစားနေကြရသည်။ ထိုအသီးအပွင့်များကို ပိုမိုတိုးတက်လျင်မြန်စွာ စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက် အစိုးရ၏ ကျန်ရှိသောသက်တမ်းကာလအတွင်း အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်နေပြီး ထိုအမွေခံကောင်းများကို နောင်လက်ဆင့်ကမ်းမျှဝေပေးနိုင်ရေးတို့ကို ဆောင်ရွက်နေသည်မှာ မှန်ကန်ကောင်းမွန်သည့် စေတနာများပင်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နေရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေးမှာ အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့်ပတ်သက်လာလျှင် တပ်မတော်သည် တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာအတိုင်း ရယူလိုမှုအနည်းဆုံးနှင့် ပေးဆပ်နိုင်မှုအမြင့်မားဆုံးဖြစ်အောင် တာဝန်ထမ်းဆောင်နေသည်ကို တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စားမှုများက သက်သေပြလျက်ရှိသည်။

အမှန်တကယ်တွင် အမိနိုင်ငံ၏ ပိုင်နက်နယ်မြေ၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် နိုင်ငံသူနိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်ဝတ္တရားများမှာ နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်များပင်ဖြစ်သည်။ နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သည့် ထိုအမျိုးသားရေးတာဝန်ကို အသက်ခန္ဓာအပ်နှင်းပြီး စွန့်လွှတ်စွန့်စားစိတ်ထားများဖြင့် ဆောင်ရွက်ခြင်းသည် တပ်မတော်သားများသာမက နိုင်ငံတိုင်း၊ လူသားတိုင်းနှင့်သက်ဆိုင်သည့် အမွန်မြတ်ဆုံးသော စွမ်းဆောင်ရည်များပင်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်စောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့်ပြည်သူပြည်သားများအတွက် ဖြစ်သည်။ ထိုကောင်းမွေများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီး ဆက်လက်ခံစားနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူတစ်ဦးအနေဖြင့် ငါ့နိုင်ငံတော်နှင့် ငါ့နိုင်ငံသားများအတွက် ငါ့တွင်တာဝန်ရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။

သို့ဖြစ်ရာ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့သည် နိုင်ငံနှင့်လူမျိုးကောင်းကျိုးချမ်းသာများ ရရှိစေရန် ဆောင်ရွက်ပေးနေသည်ဟု မှန်ကန်စွာရှုမြင်သုံးသပ်၍ တိုင်းရင်းသားပြည်သူတိုင်း၊ နိုင်ငံသားတိုင်းက တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကူညီပါဝင်တည်ဆောက်သွားကြမည်ဟူသည့် စိတ်ဓာတ်များ မွေးမြူကြရန် လိုအပ်ပါကြောင်း ကြေးမုံကရှုမြင်ပါသည်။ ။



## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ လူ့အခွင့်အရေးကော်မရှင်နှင့်တွေ့ဆုံ အင်းစိန်အကျဉ်းဦးစီးဌာန သွားရောက်ကြည့်ရှု

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် ယနေ့နံနက် ၇ နာရီခွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးတွင် တွေ့ဆုံခဲ့သည်။ ဆက်လက်၍ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အင်းစိန်အကျဉ်းဦးစီးဌာနသို့ ထပ်မံသွားရောက်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လည်ထွက်ခွာခဲ့သည်။**(အပေါ်ပုံ)**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီသည် မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၁၆ ရက်အထိ နေထိုင်မည်ဖြစ်ပြီး ဇန်နဝါရီ ၈ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၄၅၀၀ | - | ၆၆၅၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၄၃၀၀ | - | ၆၆၅၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၈၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၀၀၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၃၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၅ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၂၁၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁.၁၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၆.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆.၁၂၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၆၂.၉၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃.၄၇၉ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၂၆.၈၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၆၇.၅၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## ကာကွယ်ဆေးအစုလိုက်ထိုးနှံ

**ဘောလခဲ ဇန်နဝါရီ ၇**

ကယားပြည်နယ် ဘောလခဲမြို့နယ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း ၂၀၁၅ ခုနှစ်အတွက် မြို့နယ်အသိပေးညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဝင်းက ကာကွယ်ဆေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**လှရွှေ (IPRD)**



ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲ ပွင့်လင်းမြင်သာအောင်မြင်စွာ ကျင်းပနိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် International Republican Institute(IRI)၏ ဌာနေညွှန်ကြားရေးမှူး Mr. Stephen Cima နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် International Republican Institute ၏ ဌာနေ ညွှန်ကြားရေးမှူး Mr. Stephen Cima က IRI အနေဖြင့် နိုင်ငံရေးပါတီများ စွမ်းရည်မြှင့်တင်ရေးနှင့် မဲဆွယ်စည်းရုံးရေးစွမ်းရည် မြှင့်တင်ရေးအတွက် သင်တန်းများပို့ချလျက်ရှိကြောင်း၊ IRI အနေဖြင့် ပူးပေါင်းဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများအားလုံးပါဝင်စေလိုပြီး တန်းတူညီမျှပါဝင်နိုင်ဖို့ဆန္ဒရှိကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်ပညာပေးခြင်းကို ဆောင်ရွက်ရာတွင် ထိရောက်သောပညာပေးမှုဖြစ်စေရေး၊ လုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကောင်းမွန်ရေးနှင့် မဲဆန္ဒရှင်များပညာပေးခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများ မျှဝေပေးခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက IRI အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲအား ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များအား သိရှိရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ CSO များ ထိတွေ့မှုများပါက ခင်မင်ရင်းနှီးမှုရှိလာမှာဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုနားလည်မှုရရှိစေမှာဖြစ်ကြောင်း၊ ကော်မရှင် အဖွဲ့ခွဲများကိုလည်း နိုင်ငံရေးပါတီများ၊ CSO များနှင့် မကြာခဏတွေ့ဆုံနိုင်ရေး ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း၊ IRI မှ ပြုလုပ်သည့် သင်တန်းများသို့ ကော်မရှင် ဝန်ထမ်းများကိုလည်း တက်ရောက်စေခြင်းဖြင့် နိုင်ငံရေးပါတီများ၊ CSO များနှင့် ထိတွေ့မှုရရှိပြီး ခင်မင်ရင်းနှီးမှုရရှိကာ လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့မှာ ဖြစ်ကြောင်း၊ IRI အနေဖြင့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အသိပေးဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းသို့တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့်ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## နှလုံးသွေးကြောရောဂါဖြစ်ပွားနှုန်းမြင့်တက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လို

**ရန်ကုန် ဇန်နဝါရီ ၇**

နှလုံးသွေးကြောရောဂါဖြစ်ပွားနှုန်းမှာ မြင့်တက်နေဆဲအခြေအနေဖြစ်သည့်အတွက် နှလုံးသွေးကြောရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ကျင်းပသည့် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်သွင်းဖတ်ကြားသော စာတမ်းအရ သိရသည်။

ပြည်တွင်းတွင်ရှိသော မြို့နယ်လေးမြို့နယ်ဖြစ်သည့် ကျောက်တန်းမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ပြည်မြို့နယ်တို့တွင်ရှိသော အသက်(၄၀)နှစ်နှင့်အထက်ရှိသည့် လူဦးရေ ၆၀၀ အနက် နှလုံးသွေးကြောရောဂါရှိသူအရေအတွက်ကိုသိရှိနိုင်ရန် စံနမူနာမေးခွန်းပုံစံများ အသုံးပြုကာ တစ်ဦးချင်းစီကွင်းဆင်းလေ့လာသုံးသပ်မှုများ ပြုလုပ်ရာမှ တွေ့ရှိရခြင်းဖြစ်ပြီး ယင်းသုတေသနကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ သုတေသီများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သုတေသီတို့က ပူးပေါင်းလုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် အဝလွန်ခြင်း၊ ဆီးချို၊ သွေးချိုရောဂါရှိခြင်း စသည့် အခြေအနေများက နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေများကာ နှလုံးသွေးကြောရောဂါဖြစ်ပွားနှုန်းမြင့်တက်လျက်ရှိသောကြောင့် နှလုံးသွေးကြောရောဂါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့် နှလုံးသွေးကြောရောဂါ ဖြစ်ပွားနှုန်းနှင့် ဖြစ်နိုင်ချေအခြေအနေများအတွက် သုတေသနလုပ်ခဲ့ကြခြင်းလည်းဖြစ်သည်။

ထိုသုတေသနတွင် အသက်(၄၀)နှစ်မှ (၉၉)နှစ်အတွင်းပါဝင်ကြပြီး ပျမ်းမျှအသက်အရွယ်မှာ (၅၆)နှစ်ဖြစ်ကာ ၇၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း စံနမူနာမေးခွန်းများအရ ကိုးရာခိုင်နှုန်းမှာ နှလုံးသွေးကြောရောဂါကြောင့် ရင်ဘတ်အောင့်သောဝေဒနာ ခံစားနေရသည်ကိုတွေ့ခဲ့ရပြီး ပြီးခဲ့သောနှစ်အတွင်းက ရုတ်တရက် နှလုံးသွေးကြောပိတ်ဖြစ်ပွားနှုန်း ၇ ဒသမ ၅ ရာခိုင်နှုန်း၊ လေဖြတ်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း၊ နှလုံးရောဂါကြောင့် အမောဖောက်နှုန်းမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းတွေ့ရကာ သွေးတိုးရောဂါဖြစ်ပွားနှုန်း ၅၁ ရာခိုင်နှုန်းတွေ့ရကြောင်း၊ ထိုနှလုံးသွေးကြောရောဂါဖြစ်ပွားနှုန်း မြင့်တက်ဆဲဖြစ်သည့်အတွက် ရောဂါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်းကို ယင်းသုတေသီများက အကြံပြုထားကြခြင်းဖြစ်သည်။

**ထက်ခိုင်(စမ်းချောင်း)**

## မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ ပါတီအား မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃/၂၀၁၅)

**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီအား မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင် အမှတ် (၁)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ**သည် ယင်းပါတီ၏အမည်ကို **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ပါတီ**အား ၇-၁-၂၀၁၅ ရက်နေ့မှစ၍ **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁/၂၀၁၅)

**၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၂၁၃၀<br>ဗိုလ်မှူးမောင်မောင်ကြီး | (အစား) | ကြည်း ၃၆၂၅၃<br>ဗိုလ်မှူး ဖြိုးဝေတင့် |
| (၂) | ရေ ၃၆၃၆<br>ဗိုလ်မှူးမြင့်စိန် | (အစား) | ရေ ၄၁၄၆<br>ဗိုလ်မှူး အောင်ဖြိုးကျော် |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂/၂၀၁၅)

**၁၃၇၆ ခုနှစ်၊ပြာသိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)**

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃/၂၀၁၁)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၇-၁-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၅/၂၀၁၄)နှင့် ၅-၈-၂၀၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁၀/၂၀၁၄) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦးတို့အား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၇၃၈<br>ဗိုလ်မှူး မျိုးနိုင် | (အစား) | ကြည်း ၃၄၉၅၆<br>ဗိုလ်မှူး ဇော်လင်းအောင် |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | လေ ၂၆၆၇<br>ဗိုလ်မှူး ဟန်ဝင်းထွဋ် | (အစား) | လေ ၃၄၀၉<br>ဗိုလ်ကြီး ဟန်ဝင်းအောင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၂၀၆၈၁<br>ဗိုလ်မှူး တိုးအောင် | (အစား) | ကြည်း ၂၅၀၉၇<br>ဗိုလ်မှူး အောင်သီဟ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၈၂၈၀<br>ဗိုလ်မှူး ဇော်မြင့်သူ | (အစား) | ကြည်း ၃၆၂၅၈<br>ဗိုလ်မှူး စံသာနေအောင် |

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နိုင်ငံတကာ

# ပြင်သစ် သရော်စာမဂ္ဂဇင်းတိုက် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ၁၂ ဦးသေ



ပါရီ ဇန်နဝါရီ ၇

မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားများက ပါရီမြို့အခြေစိုက် သရော်စာမဂ္ဂဇင်းတိုက်တစ်ခု၏ ရုံးခန်းကို ဇန်နဝါရီ ၇ ရက်က ဝင်ရောက်အကြမ်းဖက်ပစ်ခတ်မှုကြောင့် ၁၂ ဦးသေဆုံးသွားခဲ့ပြီး ယင်းတိုက်ခိုက်မှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း ပြင်သစ်နိုင်ငံတွင် လူသေဆုံးမှုအများဆုံး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သွားခဲ့သည်။

ပြင်သစ်သမ္မတ ဖရန်ဆွာ ဟော်လန်ဒီက အကြမ်းဖက်တိုက်ခိုက်ခံရသည့် အပတ်စဉ်ထုတ် ချာလီဟဘ်ဒိုမဂ္ဂဇင်းသည် အစ္စလာမ်ဘာသာဝင်များကို မကြာခဏဆိုသလို ရှုတ်ချရေးသားနေသော မဂ္ဂဇင်းဖြစ်သည့်အတွက် အကြမ်းဖက်တိုက်ခိုက်ခံရခြင်းမှာ သံသယဖြစ်စရာမလိုကြောင်းနှင့် လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ပြင်သစ်နိုင်ငံတွင် အကြမ်းဖက်ခြိမ်းခြောက်မှုအချို့ရှိခဲ့ကြောင်း ပြောကြားသည်။

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအစွန်းရောက်အဖွဲ့က ပြင်သစ်နိုင်ငံကို အကြမ်းဖက်တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့ပြီး ချာလီဟဘ်ဒိုမဂ္ဂဇင်းသည် အကြမ်းဖက်တိုက်ခိုက်မခံရမီအချိန်က အစ္စလာမ္မစ်ခေါင်းဆောင်အတွက် နှစ်သစ်ဆုတောင်းပေးနေပုံများဖြင့် သရော်သည့် ကာတွန်းတစ်ခု ဖော်ပြခဲ့သည်။

အဆိုပါမဂ္ဂဇင်းသည် ၂၀၁၁ခုနှစ်ကလည်း တမန်တော်မိုဟာမက်ကို သရော်သည့် ကာတွန်းတစ်ခု မဂ္ဂဇင်းမျက်နှာဖုံးတွင်ဖော်ပြခဲ့သည့်အတွက် မဂ္ဂဇင်းတိုက်ကို မီးလောင်ဗုံးများဖြင့် တိုက်ခိုက်ခြင်းခံခဲ့ရသည်။ **အေပီ။**

# ယီမင်နိုင်ငံ ရဲအရာရှိအကယ်ဒမီကျောင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ၅၀ ထက်မနည်း သေဆုံး

**ဆာနား ဇန်နဝါရီ ၇**

ယီမင်နိုင်ငံဆာနားမြို့ရှိ ရဲအရာရှိကျောင်းတွင် ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ အနည်းဆုံးလူ ၅၀ ထက်မနည်းသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ဖော်ပြသည်။

အထက်တန်းအဆင့်ပြီးဆုံးသော ကျောင်းသားများနှင့် ရဲအရာရှိလောင်းများက အကယ်ဒမီကျောင်းတွင် အမည်စာရင်းတင်သွင်းရန် တန်းစီစောင့်ဆိုင်းနေစဉ် အဆိုပါကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးအရာရှိများက ဆိုသည်။

မီနီဘတ်စ်တစ်စီးသည် အကယ်ဒမီကျောင်းခြံဝန်းဘေးရှိ လမ်းမပေါ်တွင် အရှိန်ပြင်းစွာ မောင်းနှင်လာပြီး အကယ်ဒမီကျောင်း တံခါးဝတွင် အသေခံဗုံးဖောက်ခွဲသွားခဲ့ကြောင်းနှင့် အဆိုပါ ပေါက်ကွဲမှုပြီးနောက် သေနတ်သံများ ကြားခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောသည်။

အခင်းဖြစ်ပွားရာ နေရာတွင် လူသေအလောင်းများ ပြန့်ကျဲနေပြီး ထိခိုက်ဒဏ်ရာရရှိသူများကို လူနာတင်ကားများက နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ ဗုံးဖောက်ခွဲမှုကို စုံစမ်းလျက်ရှိသည်။

ယင်းဖြစ်ပွားမှုသည် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်မှစပြီး ယခုအချိန်ထိတိုင် ဆာနားမြို့တွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုများအနက် အဆိုးရွားဆုံးဖြစ်သည်။

အမေရိကန်ဒရုန်းလေယာဉ်များ ပစ်မှတ်ထားသော အယ်လ်ခိုင်ဒါအဖွဲ့သည် အသေခံဗုံးခွဲမှုများကို ကျူးလွန်လေ့ရှိသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ယီမင်အလယ်ပိုင်းရှိ အိုင်ဘီဘီမြို့တွင် အသေခံဗုံးပေါက်ကွဲမှုကြောင့် လူ၂၆ ဦးသေဆုံးခဲ့သည်။

အလားတူ အောက်တိုဘာ ၉ ရက်တွင် အယ်လ်ခိုင်ဒါအဖွဲ့ဝင်တစ်ဦး၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၄၇ ဦး သေဆုံးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၁ ရက်တွင် အယ်လ်ခိုင်ဒါ အသေခံဗုံးခွဲသမားကြောင့် လူ ၂၁ ဦးသေဆုံးခဲ့သည်။ **ဆင်ဟွာ။**



# ဟောင်ကောင်အုပ်ချုပ်ရေးမှူးရွေးချယ်ရေး အဆိုပြုချက်သစ်များ အစိုးရအဖွဲ့ထုတ်ပြန်

**ဟောင်ကောင် ဇန်နဝါရီ ၇**

တရုတ်နိုင်ငံ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟောင်ကောင်တွင် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏ ခေါင်းဆောင်အား မည်သို့မည်ပုံ ရွေးချယ်တင်မြှောက်နိုင်မည်ကို ဖော်ပြသည့် အဆိုပြုချက်သစ်များနှင့်ပတ်သက်၍ အစိုးရအဖွဲ့က ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဟောင်ကောင်တွင် အပြည့်အဝ လွတ်လပ်သည့် ရွေးကောက်ပွဲများ ကျင်းပပေးရန် နှစ်လကျော်မျှ ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံရေးအရ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေချိန်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အစိုးရအဖွဲ့က အဆိုပြုချက်သစ်များကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ အုပ်ချုပ်ရေးမှူးကို ပြည်သူတို့ ရွေးချယ်တင်မြှောက်ခွင့်ရရှိမည်ဟု တရုတ်အစိုးရအဖွဲ့က ကတိပြုခဲ့သည်။ သို့ရာတွင် အုပ်ချုပ်ရေးမှူး ရာထူးအတွက် ကိုယ်စားလှယ်လောင်း နှစ်ဦး (သို့မဟုတ်) သုံးဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများအား ကော်မတီတစ်ရပ်က ဆန်ခါတင် ရွေးချယ်ပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

ဟောင်ကောင်ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရုတ်အစိုးရက လမ်းညွှန်ချက်များ ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ကြရာမှ စက်တင်ဘာလမှစ၍ လမ်းများပေါ် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။ ဟောင်ကောင်အာဏာပိုင်များသည် ဒီဇင်ဘာလတွင် သပိတ်စခန်းများကို ရှင်းလင်းခဲ့သည်။

ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဒုတိယအကြိမ် လူထုဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၇ ရက်တွင် စတင်မည်ဖြစ်ပြီး ဟောင်ကောင်ပါလီမန်တွင် ဆက်လက်ဆွေးနွေးသွားရန် စီစဉ်ထားသည်။ **ပီတီအိုင်။**

# ရေနံဈေးနှုန်း ဒေါ်လာ ၅၀ အောက်ရောက်ပြီ

**ဝါရှင်တန် ဇန်နဝါရီ ၇**

၂၀၀၉ ခုနှစ် မေလ နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဘရင့်ရေနံစိမ်းတစ်စည်၏ ဈေးနှုန်းသည် ဒေါ်လာ ၅၀ အောက်သို့ ကျဆင်းပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယနေ့နံနက် စောစောပိုင်းတွင် ရေနံစိမ်းတစ်စည်လျှင် ဒေါ်လာ ၄၉ ဒသမ ၉၂ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

မကြာသေးမီ သီတင်းပတ်များတွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးခြင်း၊ ရေနံထောက်ပံ့မှု မြင့်တက်လာခြင်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်း ကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ရေနံဈေးကွက်တွင် အနောက်တက္ကဆက်အကျဲစားရေနံစိမ်း၏ ဈေးနှုန်းသည် ဒေါ်လာ ၅၀ အောက်သို့ ကျရောက်နေပြီဖြစ်သည်။

မြောက်အမေရိက ရေနံထုတ်လုပ်သူများက ဆက်လက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ခြင်းနှင့် အိုပက်က ရေနံထုတ်လုပ်မှုလျှော့ချရန် ငြင်းပယ်ခြင်းတို့ကြောင့် ရေနံဈေးနှုန်း ထပ်မံကျဆင်းမည်ဟု လေ့လာသူများက မျှော်လင့်သည်။

**ဘီဘီစီ။**

# အဲအေရှ လေယာဉ်အမြီးပိုင်း ရှာတွေ့ပြီ

**ဂျကာတာ ဇန်နဝါရီ ၇**

ပင်လယ်ထဲပျက်ကျသွားသည့် အဲအေရှလေယာဉ်ပျက်၏ အမြီးပိုင်းကို ရှာဖွေတွေ့ရှိပြီးနောက် လေယာဉ်၏ အဓိကအစိတ်အပိုင်းများကိုရှာဖွေတွေ့ရှိရန် မျှော်လင့်ချက်များ ပိုမိုအားကောင်းလာခဲ့ပြီဖြစ်သည်။

အင်ဒိုနီးရှားမှ စင်ကာပူသို့ ဦးတည်ပျံသန်းစဉ် ဂျာဗားပင်လယ်ထဲ ပျက်ကျခဲ့သည့် အဲအေရှလေကြောင်း ခရီးစဉ်အမှတ် QZ8501မှ လေယာဉ်အမြီးပိုင်းကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်တွင် အင်ဒိုနီးရှားအာဏာပိုင်များက အတည်ပြုပြောကြားသည်။

လေယာဉ်ပျက်နှင့် ရုပ်အလောင်းများ ရှာဖွေရေးနှင့် ဆယ်ယူရေးကဏ္ဍကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့ခေါင်းဆောင် ဘမ်ဘန်း ဆိုလစ္စတိုကရေအောက်တွင် ရိုက်ကူးထားသည့် လေယာဉ်အမြီးပိုင်း ဓာတ်ပုံများကို ပြသခဲ့ရာ အဲအေရှကုမ္ပဏီ၏ အမှတ်တံဆိပ်ကို ထင်ထင်ရှားရှား တွေ့ရှိခဲ့ရသည်။

ပုံမှန်အားဖြင့် လေယာဉ်များ၏ ပျံသန်းမှုမှတ်တမ်းတင် ကိရိယာဘလက်ဘောက်ခ်ကို အမြီးပိုင်းအနီးတွင် ထားလေ့ရှိရာ အဲအေရှ လေယာဉ်၏ ဘလက်ဘောက်ခ်ကို တွေ့ရှိရန် ပိုမိုမျှော်လင့်လာနိုင်ပြီဟုလည်း ဘမ်ဘန်းက ပြောကြားသည်။

"ကျွန်တော်တို့ရဲ့ ရှာဖွေရေးလုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသ အောင်မြင်မှုရရှိလာပါတယ်။ တွေ့ရှိထားတဲ့ အစိတ်အပိုင်းဟာ လေယာဉ်ရဲ့ အမြီးပိုင်းအဖြစ် အတည်ပြုနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဲအေရှလေယာဉ်သည် ပျက်ကျချိန်တွင် လူ ၁၆၂ဦး လိုက်ပါသွားပြီး ၎င်းတို့အားလုံး သေဆုံးကုန်ပြီဟု ယူဆရသည်။ လတ်တလောတွင် နိုင်ငံပေါင်းစုံပါဝင်သည့် ရှာဖွေရေးလုပ်ငန်းစဉ်ကို အကောင်အထည် ဖော်နေပြီး ရုပ်အလောင်းပေါင်း ၄၁ လောင်းထိ ပြန်လည်ရရှိထားကြောင်း သိရသည်။

**ချန်နယ်နယူးအေရှ။**

# သေဆုံးခဲ့သည့် မီးသတ်သမားများအတွက် ကွန်ဖူးကြယ်ပွင့် ဂျက်ကီချန်း ငွေလှူဒါန်း



**ဟာဘင်း ဇန်နဝါရီ ၇**

တရုတ်ကွန်ဖူးကြယ်ပွင့် ဂျက်ကီချန်းသည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကုန်လှောင်ရုံမီးလောင်မှုအတွင်း အသက်သေဆုံးခဲ့သည့် မီးသတ်သမားများ၏ မိသားစုများအတွက် ယွမ် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၀၅၂၃ ခန့်) လှူဒါန်းခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ဇန်နဝါရီ ၇ ရက်တွင် အတည်ပြုခဲ့သည်။

အဆိုပါငွေကြေးများအား မိသားစုငါးစုသို့ ပေးအပ်ခဲ့ကြောင်း ဟေလုံကျန် ပြည်သူ့ရေးရာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဒေသန္တရအစိုးရကလည်း ဆုံးရှုံးနစ်နာခဲ့သည့် မိသားစုများအတွက် လျော်ကြေးပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အသက်(၁၈)နှစ်နှင့် (၂၂)နှစ်ကြားရှိ ကွယ်လွန်သွားသူ မီးသတ်သမားငါးဦးမှာ ဟေလုံကျန်ပြည်နယ် မြို့တော်ဟာဘင်းရှိ ကြွေထည်မြေထည်ဈေးအတွင်းရှိ ကုန်လှောင်ရုံတစ်ခုတွင် ဇန်နဝါရီ ၂ ရက် နံနက်က ဖြစ်ပွားသည့် မီးလောင်မှုတွင် ငြိမ်းသတ်ရန် ကြိုးစားနေစဉ်အတွင်း အပျက်အစီးများကြားတွင် ကွယ်လွန်ခဲ့သည်။

အဆိုပါဖြစ်ရပ်ဆိုးဖြစ်ပွားပြီးနောက် ပြည်သူအများအပြားက မီးသတ်သမားများ၏ မိသားစုများအတွက် လှူဒါန်းရန်ဆန္ဒကို ထုတ်ဖော်ပြသခဲ့ကြသည်။ ပြည်နယ်ပြည်သူ့ရေးရာဌာနကလည်း အလှူခံစာရင်းတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။ သေဆုံးခဲ့သည့် အာဇာနည်များအတွက် အထိမ်းအမှတ်တွေ့ဆုံမှုတစ်ခုကို ဇန်နဝါရီ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# မြန်မာနိုင်ငံ၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**အိန္ဒိယသမ္မတနိုင်ငံ**

အိန္ဒိယသမ္မတ ပရာနာဗ့်မုခါဂျီးမှပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုယ်စားလည်းကောင်း၊ ကျွန်ုပ်အနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီးအား နွေးထွေးစွာ နှုတ်ခွန်းဆက်သပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေး၏ အခြေခံများဖြစ်သော ယဉ်ကျေးမှု၊ ဘာသာတရား၊ ဘာသာစကားနှင့် လူမျိုးနွယ်များ စသည်တို့သည် ကာလကြာရှည်စွာ ကူးလူးဆက်ဆံမှုရှိကြပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမို ကျယ်ပြန့်နက်ရှိုင်းလာစေခဲ့ပါသည်။ ကျွန်ုပ်တို့ နှစ်နိုင်ငံ၏ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မြဲစေရန် အဆွေတော်နှင့် လည်းကောင်း၊ အဆွေတော် ဦးဆောင်သော အစိုးရအဖွဲ့နှင့်လည်းကောင်း အတူတကွ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း၊ ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် သာယာဝပြောပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ**

ပါကစ္စတန်သမ္မတ မမ်နွန်ဟူစိန်မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။ မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးကောင်းများ ရရှိထားပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် နှစ်နိုင်ငံကြား ရှိရင်းစွဲ နိုင်ငံရေးနှင့် စီးပွားရေးဆက်ဆံမှုကောင်းမွန်မှုများသည် ပိုမိုတောင့်တင်းခိုင်မာလာမည်ဟု ယုံကြည်ပါသည်။ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပါကစ္စတန် ဝန်ကြီးချုပ် မိုဟာမက် နာဝပ်ဇ်ရှာရစ်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

**အီဂျစ်အာရပ်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အီဂျစ်သမ္မတ အာဒယ်လ် ဖာတာ အယ်လ်-ဆီစီက ပေးပို့သောသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။ အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများ ထာဝရတိုးတက်သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မော်ရိုကိုဘုရင်နိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မော်ရိုကိုဘုရင်မင်းမြတ် မိုဟာမက် (၆)မှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်အား မိမိအနေဖြင့် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော် ကျန်းမာပျော်ရွှင်စေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မြန်မာပြည်သူပြည်သားများလည်း ပိုမိုကြွယ်ဝတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် လေးစားမှုကို အခြေပြုလျက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာစေရန် အဆွေတော်နှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် စိတ်အားထက်သန်လျက်ရှိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

ဆက်လက်ဖော်ပြပါမည် »»

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ မုံရွာမြို့တွင် ခွင့်ပြုချက်ရယူပြီး ဆန္ဒဖော်ထုတ်

**နေပြည်တော် ဇန်နဝါရီ ၇**

လက်ပံတောင်းတောင်ဒေသတွင် အကြမ်းဖက်မှုများမဖြစ်ပွားစေရန်နှင့် ကြေးနီစီမံကိန်းရပ်ဆိုင်းရန် ရည်ရွယ်ချက်ဖြင့် ယမန်နေ့ နံနက် ၉ နာရီခန့်မှ မွန်းလွဲ ၁ နာရီခန့်အထိ မုံရွာမြို့၌ သံဃာအချို့အပါအဝင် အင်အား ၂၅၀ ခန့် စုဝေးခဲ့ပြီး ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်မှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းမှာ တရားဝင်ခွင့်ပြုချက်ရယူ၍ ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် ပြည်သူ့အားကစားကွင်းအနီးတွင် စုဝေးပြီး ဆိုင်းဘုတ်များ ကိုင်ဆောင်လျက် ကြွေးကြော်သံများဖြင့် မုံရွာမြို့တွင်းရှိ ဗိုလ်ချုပ်လမ်း၊ ကျောက်ကာလမ်း၊ သာစည်လမ်း၊ ပြည်ထောင်စုလမ်းနှင့် ရေစင်ကြီးလမ်းအတိုင်း ပြည်သူ့အားကစားကွင်းသို့ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြကာ ငြိမ်းချမ်းစွာ လူစုခွဲသွားခဲ့ကြောင်း သိရသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှာ အကျိုးအမြတ်ပေါ်မူတည်၍ နိုင်ငံတော်မှ ၅၁ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ၁၉ ရာခိုင်နှုန်းနှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်းဖြင့် ခွဲဝေရယူရန် စာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းများ မစတင်မီ တည်ဆောက်ရေးကာလတွင် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ထုတ်လုပ်မှုကာလအတွင်း နှစ်စဉ် အသားတင်အမြတ်၏ နှစ်ရာခိုင်နှုန်းအချိုးကျ ထည့်ဝင်သုံးစွဲမည်ဖြစ်ပြီး မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ နှစ်သန်း ထည့်ဝင်သုံးစွဲသွားမည်ဖြစ်သည်။

ထို့အပြင် စီမံကိန်းအတွက် သိမ်းဆည်းခဲ့သော မြေများအတွက် ၂၀၁၁ ခုနှစ်တွင် မြေလမ်းဥပဒေနှင့်အညီ မြေခွန်၏ ၂၀ ဆနှုန်းဖြင့် ပထမအကြိမ် မြေယာလျော်ကြေးပေးခဲ့ရာ ဒေသခံများအားလုံး ထုတ်ယူပြီးဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ မြေယာနစ်နာသွားသော ဒေသခံများအား ကာလဒေသပေါက်စျေးဖြင့် ဒုတိယအကြိမ် လျော်ကြေးပေးချေခဲ့ပြီးနောက် မြေသိမ်းခံတောင်သူများအတွက် တတိယအကြိမ်အဖြစ် မြေယာထောက်ပံ့ကြေးများကို မြေယာအမျိုးအစားများအလိုက် တစ်ဧကလျှင် သုံးသိန်းမှ ၁၂ သိန်းအထိ ထပ်မံပေးအပ်ခဲ့ရာ မြေယာလျော်ကြေးနှင့် ထောက်ပံ့ကြေးငွေ ကျပ်သိန်းပေါင်း ၁၀၇၉၆၆ ဒသမ ၉၂ သိန်း ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းနယ်မြေအတွင်းရှိ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ထန်း၊ သနပ်ခါး၊ သရက်၊ ဆီးပင်များနှင့် ရေတွင်းများအတွက် လျော်ကြေးငွေများကိုလည်း တောင်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတည်ဆောက်ဆဲကာလတွင် CSR ရန်ပုံငွေအဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ သန်းနှင့် ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၄၉၇ ဒသမ ၀၄ သန်း ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် CSR ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်သန်း အကုန်အကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံ ၁၉၉၄ ဦးကို စီမံကိန်းလုပ်ငန်းခွင်များတွင် အလုပ်ခန့်ထားပေးပြီးဖြစ်သည့်အပြင် ထပ်မံအလုပ်အကိုင်ရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုကာလမရောက်မီ အလုပ်အကိုင်စောင့်ဆိုင်းဆဲကာလတွင် ထောက်ပံ့ကြေး (Discount Salary)ကို မြေယာဆုံးရှုံးမှုပမာဏအပေါ် မူတည်ပြီး လယ်/ယာမြေတစ်ဧကမှ ၁၀ ဧကအထိ တစ်လလျှင် အမေရိကန်ဒေါ်လာ ၇၀၊ လယ်/ယာမြေ ၁၁ ဧကမှ ဧက ၂၀ အထိ တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၂၀ နှင့် လယ်/ယာမြေ ဧက ၂၀ အထက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၆၀ နှုန်းထားဖြင့် ခြောက်လတစ်ကြိမ် ကြိုတင်ထုတ်ပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံအများစုမှာ အကျိုးခံစားရရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဆန္ဒပြသူများ တိုင်းအားကစားကွင်း (ဘောလုံးကွင်း)မှ စတင်ထွက်ခွာစဉ်။





သွေးသည်အသက်






# ဆေးပညာသတင်းဆန်းများ (၈၄)

ဒေါက်တာကံညွန့်

၂၀၁၄ ခုနှစ် စက်တင်ဘာလမှာတော့ ဆေးပညာသမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ်ကျန်ရစ်မယ့် ခွဲစိတ်ကုသမှုတစ်ခုကို ဂျပန်နိုင်ငံ Kobe မြို့မှာ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီခွဲစိတ်မှုကတော့ လူတစ်ဦးရဲ့ အရေပြားပေါ်က ယူလိုက်တဲ့ Stem Cell ကို ကိုယ်ခန္ဓာထဲက Organ တစ်ခုရဲ့ Cells တွေနဲ့ မျိုးတူအောင် မွေးမြူပြုလုပ်ထားတဲ့ IPS Cells(Pluropotential Stem Cells) ကို အစားထိုးကုသလိုက်တဲ့ ခွဲစိတ်မှုပါ။ အခုခွဲစိတ်ပေးလိုက်တဲ့ ဝေဒနာရှင်ကတော့ မျက်စိရဲ့အာရုံခံလွှာ (Retina)မှာ Age Related Macula Degeneration (ARMD)ခေါ်တဲ့ သက်ကြီးမျက်စိအမြင်အာရုံလွှာ ပျက်စီးရောဂါရှင်ဖြစ်ပါတယ်။ ဒီရောဂါရှင်ရဲ့ မျက်စိထဲက အမြင်ခံအာရုံလွှာဖြစ်တဲ့ (Retina)က ပျက်စီးနေတဲ့ Cells တွေကို အပြင်မှာမွေးယူထားတဲ့ IPS Cells လွှာနဲ့ အစားထိုးကုပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီ IPS Cells ကို မွေးမြူပြုလုပ်ပေးခဲ့တာကတော့ Kyoto ဆေးရုံက ဆေးပညာရှင် သုတေသီပါမောက္ခ Shinya Yamanaka ဦးဆောင်တဲ့အဖွဲ့ဖြစ်ပါတယ်။ သူဟာ ဒီလို IPS Cells ကို စမ်းသပ်တွေ့ရှိခဲ့တာကြောင့် ၂၀၁၂ ခုနှစ် ဆေးသိပ္ပံပညာနိုဘယ်ဆုရရှိခဲ့သူဖြစ်ပါတယ်။ ဒီခွဲစိတ်မှုကိုတော့ ဂျပန်နိုင်ငံ Kobe မြို့က Institute of Biomedical Research and Innovation Hospital မှာ ယခုနှစ် စက်တင်ဘာလ ၁၂ ရက်က ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီခွဲစိတ်ကုသမှုအောင်မြင်တာဟာ မျက်စိရောဂါရှင်တွေအတွက် သာမဟုတ်ဘဲ ကျန်တဲ့အစားထိုးကုသမှုတွေအတွက်ပါ အားတက်စရာသတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကင်ဆာဝေဒနာရှင်တွေအတွက်ပါ။ ကင်ဆာရောဂါရှင်တွေဟာ Chemotherapy ခေါ်တဲ့ ဆေးသွင်းကုသမှုမခံယူခင် အစာမစားဘဲ သုံးရက်ခန့်နေပြီးမှ ဆေးသွင်းကုသမှုပြုလုပ်ခြင်းဟာ ဆေးကြောင့်ဖြစ်တဲ့ အဆိပ်အတောက်ဖြစ်မှုကိုလည်း ပိုခံနိုင်ရည်ရှိပြီး ကင်ဆာရောဂါအတွက်လည်း ပိုပြီးထိရောက်မှုရှိနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ University of Southern Califonia က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အဆိုအရ ဒီလို သုံးရက်ကြိုပြီး အစာမစားဘဲ နေလိုက်ခြင်းဖြင့် ကိုယ်ခန္ဓာထဲက မသန့်ရှင်းတာတွေကို ဆေးကြောပစ်လိုက်သလိုဖြစ်ပြီး ကိုယ်ခံအား Cells တွေထဲက ဟောင်းနွမ်းနေတဲ့ Cells တွေကိုလည်း အသစ်ပြန်ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒါဟာ Chemotherapy ကြောင့် ဘေးထွက်ဆိုးကျိုးတွေကို ပိုခံနိုင်ရည်ရှိစေပြီး ကင်ဆာဆေးဟာလည်း ပိုမိုထိရောက်စေတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလို အစာမစားဘဲနေတာကိုလည်း မိမိရဲ့ ဆရာဝန်ရဲ့ကွပ်ကဲမှုအောက်မှာပြုလုပ်သင့်ပြီး ဆေးစမသွင်းမီ အစာပြန်စားထားဖို့လိုတယ်လို့ ဆိုပါတယ်။ နောက်ထပ်လေ့လာမှုပြုလုပ်ရမှာဖြစ်ပေမယ့် ယခုတွေ့ရှိချက်ဟာ ကင်ဆာဝေဒနာရှင်တွေကို ဆေးကုသရာမှာ အထောက်အကူပြုမယ့်နည်းလမ်းတစ်ခုဖြစ်လာနိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ အမေရိကန်နိုင်ငံမှာရှိပြီး ကင်ဆာရောဂါကုသရေး၊ လေ့လာရေးနှင့် သုတေသနတွေကို ဆောင်ရွက်နေတဲ့ ထိပ်တန်းကင်ဆာကုသရေးနှင့် သုတေသနဌာန ၁၀ ခုက တွေ့ရှိထားတဲ့ ကင်ဆာရောဂါနဲ့ပတ်သက်တဲ့ နောက်ဆုံးတွေ့ရှိချက်တွေဖြစ်ပါတယ်။

၁။ နယူးယောက်က MSKCC လို့ အတိုကောက်ခေါ်တဲ့ Memorial Sloan Kettering Cancer Center က အပူပိုင်းဇုန်မှာ တွေ့ရတဲ့ Silverstrol ဆိုတဲ့ အပင်တစ်မျိုးဟာ သွေးကင်ဆာ၊ Lymphoma ခေါ်တဲ့ အကျိတ်ကင်ဆာ၊ တခြားကင်ဆာအဖုအကျိတ်တွေကို ကုသရာမှာ ထိရောက်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအပင်မျိုးကို မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဘရူနိုင်းနိုင်ငံတွေမှာ တွေ့ရကြောင်း သိရပါတယ်။

၂။ ဟူစတန်မြို့မှာရှိတဲ့ University of Texas M.D Anderson Cancer Center ကတော့ IBM Super Computer နည်းပညာကို အသုံးပြုပြီး Oncology Adviser လို့ အမည်ပေးထားတဲ့ဆရာဝန်တွေအတွက် ကင်ဆာရောဂါအမျိုးမျိုးနှင့်ပတ်သက်တဲ့ နောက်ဆုံးပေါ်ကုသနည်းတွေကို ထုတ်လုပ်ထားကြောင်း သိရပါတယ်။

၃။ Minnesota က Mayo Cancer Clinic ကတော့ လူတစ်ဦးချင်းစီရဲ့ Gene ကို အခြေခံပြီး Genone-guided Theray ကုသနည်းကို ဖော်ထုတ်ထားပါတယ်။

၄။ Boston က Dana Farber Cancer Institute ကတော့ မျက်စိကင်ဆာကို ကုသရာမှာ Gold Nanoparticle ကို အသုံးချဖို့ သုတေသနပြုလုပ်နေပါတယ်။

၅။ Baltimore က John Hopkins ဆေးရုံက ဦးနှောက်အာရုံကြော ဆရာဝန်ကြီးတွေက ကလေးတွေမှာဖြစ်တတ်တဲ့ ဦးနှောက်ကင်ဆာကို ကုသနိုင်မယ့်ဆေးကို တွေ့ရှိပြီး စမ်းသပ်မှုပြုလုပ်နေပြီဖြစ်ပါတယ်။

၆။ Seatle က University of Washington Medical Center က သိပ္ပံပညာရှင်တွေက ပြင်းထန်တဲ့ ရင်သားကင်ဆာကိုဖြစ်စေတဲ့ Gene($PALB_2$)ကို တွေ့ရှိရပြီလို့ ဆိုပါတယ်။

၇။ Boston မှာရှိတဲ့ Massachusetts General Hospital က သုတေသနပညာရှင်တွေဟာ သွေးထဲမှာ ရောက်နေတဲ့ Cancer Cell တချို့ကို ဓာတ်ခွဲခန်းမှာမွေးယူပြီး ဆေးနဲ့စမ်းသပ်ခြင်း၊ ကင်ဆာ Cells တခြားနေရာ ဘယ်လိုပျံ့နှံ့နိုင်သလဲဆိုတာကို စမ်းသပ်နေပါတယ်။

၈။ San Francisco Medical Center, University of Califonia ကတော့ ပျံ့နှံ့ပြီးမှရောက်လာတဲ့ အူမကြီးကင်ဆာ(Colo-rectal Cancer)ကို ကုသရာမှာ Chemotherapy အပြင် တခြားပူးတွဲကုသနိုင်မယ့် ကုသနည်းတွေနဲ့ ဘယ်လောက်ကြာအောင် လူနာရဲ့ အသက်ကို ထိန်းထားနိုင်မလဲဆိုတာ စမ်းသပ်နေပါတယ်။

၉။ Los Angeles မှာရှိတဲ့ UCLA Medical Center ကတော့ Kidney Cancer ခွဲစိတ်ကုသရာမှာ စက်ရုပ်နဲ့ ကုသနိုင်တဲ့နည်းကို တွေ့ရှိထားပြီလို့ ဆိုပါတယ်။

၁၀။ California ပြည်နယ်က Stanford Hospital and Clinic ကတော့ လူနာထံက Cancer Cell ကို ထုတ်ယူပြီး Computer နဲ့ ကြွက်ပုံစံပြုလုပ်ထားတဲ့ Model ထဲမှာ မျိုးပွားမှုရယူပြီး ယင်းကင်ဆာမျိုးဖြစ်အောင် ပြုလုပ်ထားတဲ့ကြွက်ကို စမ်းသပ်ကြည့်တဲ့အခါ သက်သာကြောင်းတွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါဟာ အခုအောင်မြင်နေတဲ့ ကင်ဆာကုသနည်းတစ်ခုဖြစ်တဲ့ Immune Therapy ကုထုံးနဲ့ တူတယ်လို့ ဆိုပါတယ်။

ဒီဇင်ဘာ ၁ ရက်နေ့ဟာ ကမ္ဘာ့ AIDS ရောဂါတိုက်ဖျက်ရေးနေ့ပါ။ ဒီနှစ်ကျရောက်တဲ့နေ့မှာတော့ AIDS ရောဂါနဲ့ပတ်သက်ပြီး ဝမ်းသာစရာသတင်းတွေပေါ်ထွက်လာတာကြောင့် အနည်းငယ်တင်ပြလိုပါတယ်။ ပထမဦးဆုံးတင်ပြလိုတာကတော့ ယခုနှစ်ဟာ AIDS ရောဂါနိဂုံးချုပ်ဖို့ အစပြုတဲ့နှစ်ဖြစ်ပြီး ၂၀၃၀ ခုနှစ်မှာ AIDS ရောဂါ ကမ္ဘာပေါ်က လုံးဝပျောက်သွားရမယ်ဆိုတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ AIDS ရောဂါကို ဖြစ်စေတဲ့ HIV ပိုးရဲ့အစွမ်းဟာလည်း တဖြည်းဖြည်းလျော့ပါးလာတာကို တွေ့ရတယ်ဆိုတဲ့ ဆေးသိပ္ပံပညာရှင်တွေရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ HIV ကူးစက်နှုန်းဟာလည်း ဒီနှစ်မှာ ယခင်နှစ်များကထက် သိသိသာသာလျော့ကျလာတယ်ဆိုတဲ့သတင်းပါ။ စတုတ္ထအနေနဲ့ AIDS ရောဂါကုသရာမှာ အသုံးပြုတဲ့ ART ဆေးကို ၂၀၁၀ ခုနှစ်က ဝေဒနာရှင်လူပေါင်း ငါးသန်းခန့်သာ သုံးစွဲနိုင်ခဲ့ပေမယ့် ယခုနှစ်ကစပြီး လူပေါင်း ၁၃ ဒသမ ၆ သန်းကျော်ရရှိလိမ့်မယ်ဆိုတဲ့သတင်းပါ။ ပဥ္စမအနေနဲ့ကတော့ ကမ္ဘာပေါ်က အဓိကဆေးထုတ်လုပ်တဲ့ ကုမ္ပဏီပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ MPP ခေါ်တဲ့ Medicines Patent Pool အဖွဲ့ကြီးရဲ့ ရှေ့ပြေးဆောင်ရွက်မှုအနေနဲ့ အိန္ဒိယနိုင်ငံ Abb Vie ဆေးကုမ္ပဏီက ကလေးတွေရဲ့ AIDS ရောဂါကုသနိုင်ဖို့ အထူးဖော်မြူလာနဲ့ဖော်စပ်ထားတဲ့ Lopinavir နှင့် Ritonavir ဆေးနှစ်မျိုးကို အထူးသက်သာတဲ့ ဈေးနှုန်းနဲ့ နိုင်ငံပေါင်း ၁၀၂ နိုင်ငံကို ဖြန့်ချိတော့မယ်ဆိုတဲ့ သတင်းတွေဖြစ်ပါတယ်။

AIDS ရောဂါဟာ ၁၉၈၀ ခုနှစ်လောက်က စတင်တွေ့ရှိခဲ့တာဖြစ်ပြီး နှစ်(၃၀)ကျော်အတွင်း ကမ္ဘာပေါ်က လူပေါင်း သန်း ၄၀ ကို သေစေခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၁၃ ခုနှစ် စာရင်းအရ လူပေါင်း ၃၅ သန်းခန့်ဟာ HIV ပိုးကူးစက်ခံနေရပြီး လူပေါင်း ၁ ဒသမ ၅ သန်းဟာ ဒီရောဂါကြောင့် နှစ်စဉ်သေဆုံးနေရတယ်လို့ ဆိုပါတယ်။ ဒီရောဂါဟာ လိင်တူလိင်ကွဲဆက်ဆံသူ၊ မူးယစ်ဆေးထိုးသုံးစွဲသူနဲ့ ကာမလုပ်သားပြုလုပ်သူတို့မှာ ပိုမိုကူးစက်နိုင်ပြီး ရောဂါပိုးဟာ သွေး၊ သုက်ရည်နှင့် မွေးစကလေးတွေမှာ မိခင်နို့က တစ်ဆင့် ကူးစက်ရတာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒီရောဂါအဖြစ်အများဆုံးနိုင်ငံတွေမှာ အာဖရိကတိုက်နိုင်ငံတွေက ပထမဖြစ်ပြီး အာရှတိုက်နိုင်ငံတွေကတော့ ဒုတိယဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ပတ်ဝန်းကျင်အခြေအနေတစ်ခု ဆိုးဆိုးရွားရွားဖြစ်လာရင်လည်း လူတွေရဲ့ကျန်းမာရေးကို အကြီးအကျယ်ထိခိုက်နိုင်တယ်ဆိုတဲ့ ဖြစ်ရပ်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ဒါကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀) ကြာ ၁၉၈၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်က အိန္ဒိယနိုင်ငံ တောင်ပိုင်း မဟာပရဒက်ရှ်ပြည်နယ် မြို့တော်ဘိုဖား (BHOPAL) မှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ။ ယင်းမြို့ Union Carbide ပိုးသတ်ဆေးစက်ရုံက ဓာတ်ငွေ့ပိုက်ပေါက်ပြီး Methyl Iso Cyanide (MIC)အဆိပ်ငွေ့ တန် ၃၀ ကျော် ထွက်လာတာကြောင့် လူပေါင်း ၂၅၀၀၀ သေဆုံးခဲ့ရပြီး လူ ငါးသိန်းခန့်ဟာ ဒီအဆိပ်ဓာတ်ငွေ့ရဲ့ အန္တရာယ်ကို ခံစားခဲ့ကြရပါတယ်။ ဒီအဆိပ်ဓာတ်ငွေ့ဟာ ပြင်းထန်ပြီး အဲဒီပတ်ဝန်းကျင် မြေထု၊ ရေထုထဲမှာ စိမ့်ဝင်နေခဲ့တာကြောင့် အဲဒီမှာ အသက်မသေဘဲ ကျန်ရှိနေတဲ့ လူတွေမှာလည်း မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းတဲ့ရောဂါ၊ အရေပြားရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါနဲ့ စိတ်ပိုင်းဆိုင်ရာရောဂါတွေကို ဆက်လက်ခံစားနေရဆဲဖြစ်ပါတယ်။ ဒီပြဿနာရဲ့ဇာစ်မြစ်ဟာ အန္တရာယ်ရှိနိုင်တဲ့ စက်ရုံတစ်ခုကို လူတွေနေထိုင်ရာအရပ်နဲ့ နီးကပ်စွာတည်ဆောက်ထားပြီး စိတ်ချလုံခြုံမှုမရှိဘဲ တည်ဆောက်ထားတာဖြစ်တဲ့အတွက် လူပေါင်းမြောက်မြားစွာ ကျန်းမာရေးပြဿနာနဲ့ ရင်ဆိုင်ရတာကို သင်ခန်းစာယူနိုင်ကြဖို့တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

**အန္တရာယ်ရှိနိုင်တဲ့ စက်ရုံတစ်ခုကို လူတွေနေထိုင်ရာအရပ်နဲ့ နီးကပ်စွာ တည်ဆောက်ထားပြီး စိတ်ချလုံခြုံမှု မရှိဘဲ တည်ဆောက်ထားတာဖြစ်တဲ့ အတွက် လူပေါင်းမြောက်များစွာ ကျန်းမာရေးပြဿနာနဲ့ ရင်ဆိုင်ရတာကို သင်ခန်းစာယူနိုင်ကြဖို့တင်ပြ**

မင်္ဂလာပွဲ ကုန်ကျစရိတ်များကို မင်္ဂလာလက်ဆောင်အဖြစ်ရယူကြရအောင်
YUZANA GARDEN Winners' of the Winter (15 - 1 - 2015)
ယုဇနဂါးဒင်း၏နှစ်သစ်ကူး မင်္ဂလာလက်ဖွဲ့များ ကံစမ်းမဲဖွင့်လှစ်မည့်အခမ်းအနားကို ကြွရောက်ရန်အတွက်
(၁-၄-၂၀၁၄)ရက်နေ့ မှ (၃၁-၁၂-၂၀၁၄)ရက်နေ့အတွင်း ယုဇနဂါးဒင်းတွင် ကျင်းပခဲ့သောမင်္ဂလာရှင်များသည်
Guest Folio Voucher နှင့်တကွ (၈-၁-၂၀၁၅)ရက်နေ့ မှ (၁၄-၁-၂၀၁၅)ရက်နေ့အတွင်း ဖိတ်စာလာရောက်ထုတ်ယူနိုင်ပါပြီ။
Contact : 249561~2
yuzanagardenhotel@gmail.com
အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-(၉၅-၁)၂၄၉၅၆၁-၂ ၊ ၂၄၈၉၄၁-၆ ၊ ဖက်စ်-(၉၅-၁)၂၄၀၉၉၄




(၁၈) ကြိမ်မြောက်အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ
The 18th Meeting of ASEAN Tourism Ministers & Related Meetings

Southeast Asia feel the warmth
ASEAN

**အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅**
**ASEAN Tourism Forum 2015**

**အာဆီယံ - ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ၊ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ**
***ASEAN: Tourism Towards Peace, Prosperity and Partnership***

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့မှ(၂၉)ရက်နေ့အထိ
22-29 January 2015

မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂) နေပြည်တော်၊ မြန်မာ
Myanmar International Convention Centre I & II
Nay Pyi Taw, Myanmar

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း Concession Agreement လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၇**

ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Yangon Aerodrme Co.,Ltd. တို့အကြား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း Concession Agreement လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အေးရှားဝေါလ် ဆိပ်ကမ်းရုံးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်းနှင့် နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ကြား၍ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန လေကြောင်းပညာသိပ္ပံကျောင်း၌ ဖိတ်ခေါ်ရှင်းလင်းပွဲကျင်းပခဲ့ပြီး ပဏာမအကြို အရည်အချင်းဆန်းစစ်ခြင်း (Prequalification) အား ၂၅-၁၀-၂၀၁၂ ရက်မှ ၅-၁၂-၂၀၁၂ ရက်အထိ ဖိတ်ခေါ်ခဲ့ပြီး ပဏာမအကြို အရည်အချင်းဆန်းစစ်ခြင်း အောင်မြင်သော အဖွဲ့အစည်း ၁၁ ဖွဲ့၏ အမည်စာရင်းကို ၇-၂-၂၀၁၃ ရက် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ပဏာမအရည်အချင်း ဆန်းစစ်အောင်မြင်သော အဖွဲ့ ၁၁ ဖွဲ့မှ ၁၀ ဖွဲ့သည် Tender Document များဝယ်ယူခဲ့ပြီး တင်ဒါတင်သွင်းရန် နောက်ဆုံးသတ်မှတ်ထားသော ၂၅-၄-၂၀၁၃ ရက်တွင် အဖွဲ့ခုနစ်ဖွဲ့မှ စီမံကိန်းအဆိုပြုလွှာ (Tender Proposal) များ လာရောက်တင်သွင်းခဲ့ပြီး တင်ဒါအောင်မြင်သော အဖွဲ့အစည်းဖြစ်သည့် Pioneer Aerodrome Services Consortium နှင့် အရန်အဖွဲ့အစည်းဖြစ်သော Yongnam-CAPE-JGC Consortium တို့အား ၁၀-၈-၂၀၁၃ ရက် နိုင်ငံပိုင်သတင်းစာတွင် ကြေညာခဲ့သည်။

စီမံကိန်းသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် တင်ဒါအောင်မြင်သော အဖွဲ့အစည်းဖြစ်သည့် Pioneer Aerodrome Services နှင့် (၁၉) ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး Draft Concession Agreement အပြီးသတ်နိုင်ခဲ့ကာ အဆိုပါ Draft Concession Agreement အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် ရယူခဲ့ပြီးနောက် Concession Agreement လက်မှတ်ရေးထိုးခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြခဲ့ကြောင်းနှင့်ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်များ ရယူခဲ့ပါကြောင်း။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရာတွင် Yangon Aerodrome Co., Ltd. အနေဖြင့် သတ်မှတ်ထားသည့် လေကြောင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း၊ လေဆိပ် တည်ဆောက်ခြင်းနှင့် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်း၊ Yangon Aerodrome Co., Ltd. မှ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့သည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် Yangon Aerodrome Co., Ltd. တို့အကြား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း Concession Agreement လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်

# မဟာအောင်မြေကျောက်မျက်ရတနာဈေး (ကျောက်ဝိုင်း) ဆက်လက်ရောင်းချခွင့်ပြုသွားမည်

**မန္တလေး ဇန်နဝါရီ ၇**

လက်ရှိမဟာအောင်မြေကျောက်မျက်ရတနာဈေး(ကျောက်ဝိုင်း)အား ဆက်လက်ရောင်းချခွင့်ပြုသွားမည်ဖြစ်ပြီး နေရာသစ်ဖြစ်သည့် ဆင်ရှာ၊ မြင်းမူး ကျောက်မျက်ဈေးသစ်သို့ ပြောင်းရွှေ့လိုသူများအား ကူညီပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

"မန္တလေးမြို့သူ မြို့သားတွေ စိတ်ကျေနပ်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ပေးတာပါ။ ဈေးသစ်မှာ ရောင်းကြ/ဝယ်ကြတဲ့သူတွေ ရှိမှာဖြစ်သလို လက်ရှိဈေးမှာလည်း ကျန်နေတဲ့သူတွေ ရှိနေဦးမှာပါ" ဟု မြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။



တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Town Plan စီမံချက်အရ နိုင်ငံတကာအဆင့်မီ ကျောက်စိမ်းစေတီတော်နှင့် ကျောက်စိမ်းဈေးကွက်ကြီး ဖြစ်လာအောင် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်လုပ်ဆောင်စရာများကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်ရတနာဈေး (ကျောက်ဝိုင်း)မှ ကျောက်ဝိုင်းမရွှေ့ပြောင်းရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ဒုတိယအကြိမ် ဆန္ဒပြရန် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက အော်ရီယမ်တယ်ဟောက်စ်တွင် ပြုလုပ်ရာ မြို့တော်ဝန်၏ ကြေညာချက်အရ ဆန္ဒပြရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

"လက်ရှိနေရာမှာ ဆက်ရောင်းခွင့်ပြုမယ်လို့ ဒီနေ့မနက်က စည်ပင်လူမှုကွန်ရက်စာမျက်နှာမှာ ဖော်ပြထားတယ်။ အဲဒီမင်္ဂလာသတင်းကြားတဲ့အတွက် ပထမဆုံးဖြတ်ချက်က ဒုတိယဖြစ်သွားပြီ။ ပထမဆုံးဖြတ်ချက်ဆိုတာက ရွှေ့ပြောင်းမယ်ဆိုရင် ဘာတွေလုပ်မလဲပေါ့။ အဆင့်မြှင့်ဖို့ ဘယ်သူလုပ်လုပ် ကိုယ်တို့က ထောက်ခံတယ်"ဟု ကျောက်ဝိုင်း မပြောင်းရွှေ့ရေး ယာယီကော်မတီအတွင်းရေးမှူး ဦးကျော်ဇေအောင်က ပြောသည်။

ကျောက်ဝိုင်းနှင့်ပတ်သက်၍ အဖွဲ့အစည်း ခိုင်ခိုင်မာမာမရှိသေးသဖြင့် နိုင်ငံတော်အား ထောက်ပံ့နိုင်သည့် ခိုင်မာသော လူမှုရေးအဖွဲ့ဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်၍ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သည်ကို သိစေလိုကြောင်း၊ သို့သော်လည်း ကျောက်မျက်လုပ်ငန်း လုပ်ကိုင်သူများတွင် ဘာသာပေါင်းစုံ၊ နိုင်ငံရေးပါတီဝင်ပေါင်းစုံပါဝင်ပြီး အဓိက ဦးတည်ချက်မှာ ကျောက်ဝိုင်းမပြောင်းရွှေ့ရေးသာဖြစ်ကြောင်း ယာယီကော်မတီ အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်ရောင်းဝယ်ရေးစခန်း (ကျောက်ဝိုင်း)တွင် မှီခိုလုပ်ကိုင်နေသူများက ကျောက်ဝိုင်း ပြောင်းရွှေ့ရမည် ဆိုသောကြောင့် ခွင့်ပြုချက်ဖြင့် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အင်အား လေးသောင်းဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

နေပြည်တော်(၃) ဖုန်း - 251277 251288
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
၉ . ၁ . ၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄
မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
၉ . ၁ . ၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၂) ဖုန်း - 251277 251288
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၂၂၅၄၀၉၁ ၀၉၇၇၂၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂
မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇



ပြည်တွင်းရေးရာ



○ရွှေဖုံးမှ

ကချင်ရိုးရာမနောပွဲကို ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၅ ရက် မနောကွင်းဖွင့်ပွဲကို ကျင်းပခဲ့ပြီး ကုန်စည်ပြပွဲများ၊ ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာသီချင်းဆိုပြိုင်ပွဲများ၊ ရိုးရာအတီးအမှုတ်နှင့် အကပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိကြောင်း မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလခရိလအောင်က ပြောပြသည်။

"ကချင်ပြည်နယ်နေ့အထိမ်းအမှတ်မနောပွဲတော်ဖွင့်ပွဲကိုဇန်နဝါရီ ၈ ရက်နံနက် ၈ နာရီမှာ ကျင်းပပါမယ်။ မနောပွဲကျင်းပဖို့ ကွင်းဖွင့်ပွဲကို ၅ ရက်နေ့က ကျင်းပခဲ့ပါတယ်။ အဲဒီနေ့ကစပြီး ကုန်စည်ဈေးရောင်းပွဲတော်၊ အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနပြခန်းတွေ ဖွင့်လှစ်ရောင်းချ ကျင်းပလျက်ရှိပါတယ်။ ၈ ရက်နေ့ ကျင်းပမယ့် မနောပွဲဖွင့်ပွဲမှာ မြစ်ကြီးနားမြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်းတွေက ကျောင်းသားကျောင်းသူ ၃၀၀ ကျော် ပန်းဖွားအက၊ ပဝါအကတွေနဲ့ ပါဝင်မှာပါ။ တက္ကသိုလ်၊ ကောလိပ်



ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလခရိလအောင်။



မနောအကစီစဉ်ရေးဥက္ကဋ္ဌ ဦးမခါလဆမ်။

အဆင့် ကျောင်းသားကျောင်းသူ ၂၇၀ ကျော်က တိုင်းရင်းသားရိုးရာဝတ်စုံတွေနဲ့ပါဝင်ကပြမှာဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုခြောက်စုက အကအဖွဲ့ဝင် ၆၀၀ ကျော် ပါဝင်ကပြကြမှာပါ"ဟု ဆက်လက်ပြောကြားသည်။

ကချင်မနောပွဲကို ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ပြီး သုံးနှစ်ကြာမှ ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ အစိုးရနဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေတာ တော်တော်လေး ခရီးရောက်နေပါပြီ၊ ဒီလိုအချိန်ကာလမှာ မကျင်းပဖြစ်တာ သုံးနှစ်ရှိပြီဖြစ်တဲ့ မနောပွဲကို ဒီနှစ် ကျင်းပဖို့ အစည်းအဝေးခေါ်ပြီး သဘောထားခံယူတော့ ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌကလည်း လုပ်သင့်တယ်လို့ ထောက်ခံတယ်။ အစည်းအဝေးတက်ရောက်သူ အများစုက လုပ်သင့်ပါပြီလို့ ထောက်ခံတဲ့အတွက် ပူးပေါင်းဆောင်ရွက်ကြဖို့၊ လိုအပ်တာပံ့ပိုးဖို့ အစိုးရအဖွဲ့ကကူညီပါ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့လုပ်ခဲ့တာပါ။ နိုဝင်ဘာလ နောက်ပိုင်းမှာ ကန့်ကွက်မှုအချို့ရှိခဲ့ပေမယ့် ခေတ်ပြောင်း၊ စနစ်ပြောင်းကာလမှာ အမြင်မတူတာတွေတော့ ရှိနိုင်ပါတယ်။ အခြားတစ်ဖက်မှာလည်း ကချင်ပြည်နယ်နေ့ မနောပွဲဟာ ကချင်တိုင်းရင်းသားအားလုံးနဲ့ သက်ဆိုင်ပြီးတော့ ဒီလိုပွဲတော်လုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးအတွက်လည်း အကျိုးရှိမယ်၊ အတူတကွချစ်ကြည်ရင်းနှီးစွာနဲ့ လာပြီးတော့ စားသောက်ကြမယ်၊ ပျော်မြူးကခုန်ကြမယ်၊ လူတန်းစားပေါင်းစုံ ဆင်းရဲချမ်းသာမရွေး အကုန်ကနိုင်တယ်။ မွန်မြတ်တဲ့ရိုးရာအကနဲ့ ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုရာလည်း ရောက်တယ်ဆိုပြီးတော့ ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ဆက်လက်ပြောပြသည်။

မနောပွဲကို အောင်မြင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးခြင်း စသည်ဖြင့် ဖော်ဆောင်ကျင်းပခြင်းဖြစ်ပြီး မနောပွဲတွင် ကပြသော ကကွက်များကလည်း အဓိပ္ပာယ် အမျိုးမျိုး ဆောင်လျက်ရှိသည်။

မနောအကနှင့် ကကွက်များ ပေါ်ပေါက်လာပုံနှင့် ပတ်သက်ပြီး မနောအက စီစဉ်ရေးဥက္ကဋ္ဌ ဦးမခါလဆမ်က "မနောအကဟာ ရှေးပဝေသဏီကတည်းက ရှိခဲ့တာဖြစ်ပါတယ်။ လူသားတွေ မနောအက မကခင်က နတ်ကောင်းနတ်မြတ်တွေဆီကနေ ငှက်တွေက မနောအကကိုဆက်ခံကြတယ်။ သာမောဖွယ်ကောင်းတဲ့ တောတောင်ထဲမှာ ငှက်ပေါင်းစုံဟာ အသီးအမှည့်တွေ ဝေဆာနေတဲ့ ညောင်ပင်ကြီးတစ်ပင်က အသီးတွေကိုစားသောက်ပြီး ကခုန်မြူးတူးနေတာကို လူသားတစ်ယောက်ဖြစ်တဲ့ (ကချင်နာမည် မာဒိန်ယောင်)ကနေ မြင်ခဲ့တယ်။

တကယ့်ကို လှပတဲ့အကကို သူ့ရွာက ရွာသူရွာသားတွေ ခေါ်ပြ ပြီးတော့ အတုယူ၍ မနောအကကို လူသားတွေ စတင်ခဲ့ကြတယ်။ ကာလ တွေရွှေ့လျားလာပြီး ကြာလာတော့ နေရာဒေသတွေ အမျိုးမျိုးပြောင်းလာပြီး မနေအကဟာလည်း အမျိုးမျိုး ဖြစ်လာတယ်။ မနောအက ၁၇ မျိုး လောက်ရှိတယ်။ အဲဒီကမှ အထိမ်း အမှတ်ပွဲတွေပေါ် မူတည်ပြီး အခေါ်အဝေါ်တွေလည်း ပြောင်းလာတယ်။

ဆွတ်မနောကို ဥစ္စာပစ္စည်းတိုးပွားကြွယ်ဝရန်၊ မိတ်ဆွေသင်္ဂဟအသစ်ဖွဲ့ရန် အထိမ်းအမှတ်အနေနဲ့ ကျင်းပပြီးတော့ ကွန်မရန်မနောကို အိုးသစ်အိမ်သစ်ထူထောင်ချိန် ရေကြည်ရာ မြက်နုရာ ရှာဖွေချိန်တွေမှာကျင်းပတယ်။ ပဒေါင်မနောကို အောင်မြင်မှုအထိမ်းအမှတ်အနေနဲ့ ကျင်းပတယ်။ ဂျူမနော၊ ဒစ်ဖော့မနော စတာတွေလည်း ရှိတယ်။

မနောအကမှာလည်း ကကွက်တွေ အမျိုးမျိုးရှိတယ်။ လူတစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပဋိပက္ခဖြစ်တော့မယ်ဆိုရင် သွားရောက်ဖျန်ဖြေတဲ့အနေနဲ့ ဓားမထုတ်ဘဲကတဲ့ကဟန်စတဲ့ကကွက်တွေအမျိုးမျိုးရှိတယ်။ အထိမ်းအမှတ်ခေါင်းစဉ် ပေါ်မူတည်ပြီး ကကွက်တွေကလည်း အမျိုးမျိုးရှိတယ်။

မနောကတဲ့ အကမှာလည်း ဦးဆောင်ကတဲ့သူတွေက ဝတ်ရုံတော်ကို ဝတ်ရတယ်။ အဲဒီဝတ်ရုံကလည်း ရာဇဝင်ရှိတယ်။ ဘီစီ ၂၃၀ လောက်က တရုတ်ပြည်က မဟာတံတိုင်းကြီးကို တည်ဆောက်တဲ့ ရှီဟောင်တီဘုရင် (နားရှည်)ရဲ့ နန်းတက်ပွဲအခမ်းအနားမှာ ကချင်လူမျိုးခေါင်းဆောင်က လက်ဆောင်ပဏ္ဏာသွားရောက် ဆက်သတယ်။ ဘုရင်က ဂုဏ်ပြုတဲ့အနေနဲ့ ဝတ်ရုံတော်ကို လက်ဆောင်ပြန်ပေးလိုက်တယ်။ အဲဒီဝတ်ရုံမှာလည်း ဒေါင်း၊ ငှက်၊ လိပ်ပြာ၊ ငါး၊ နဂါး အရုပ်တွေပါတယ်။ တစ်မျိုးချင်းဟာ သူ့အဓိပ္ပာယ်နဲ့ သူရှိတယ်။

ဒါ့အပြင် ဦးခေါင်းမှာဆောင်းတဲ့ ခေါင်းဆောင်းမှာလည်း အောက်ချင်းငှက်၊ ဒေါင်းမြီး၊ ဝက်စွယ်တွေကို တပ်ဆင်ထားတယ်။ တစ်မျိုးချင်းမှာ အဓိပ္ပာယ်ရှိတယ်။ ကိုင်ဆောင်တဲ့ ဓားမှာဆိုလည်း ဆင်စွယ်၊ ကြိမ်တွေနဲ့ ပြုလုပ်ထားတယ်။ သူ့အဓိပ္ပာယ်နဲ့ သူရှိတယ်။

မနောတိုင်မှာလည်း အထီးတိုင်၊ အမတိုင်ဆိုပြီး နှစ်မျိုးရှိတယ်။ အမတိုင်ကို ဒုံယီလို့ခေါ်ပြီး အထီးတိုင်ကို ဒုံလာလို့ခေါ်တယ်။ မနောတိုင်ရဲ့ ထိပ်ဖျားကိုကြည့်ပြီး လခြမ်းပုံချိုင့်နေတာကိုကြည့်ပြီး အမလို့သတ်မှတ်ပြီး ခုံးနေတာကို အထီးလို့သတ်မှတ်တယ်။ မနောတိုင်မှာလည်း အကွက်တွေဖော်ထားတယ်။ ဒီအကွက်တွေကလည်း ကကွက်တွေနဲ့ ဆက်စပ်နေတယ်။ အလယ်က အထီး၊ အမတိုင်နှစ်တိုင်ကို ကျန်တဲ့တိုင်တွေက ဝန်းရံပြီးတော့ စည်းလုံးခြင်းဆိုတာကို အဓိပ္ပာယ်ဆောင်တယ်။ ကြက်ခြေခတ်နှစ်တိုင်ကတော့ ခိုင်မြဲစေလိုခြင်းကို ဖော်ညွှန်းတယ်။ မနောတိုင်၊ မနောအကနဲ့ အရုပ်သင်္ကေတတွေဟာ တစ်ခုချင်းစီမှာ အဓိပ္ပာယ်သက်ရောက်မှုတွေရှိတယ်"ဟု မနောအက၏ ထူးခြားလေးနက်မှုများကို ပြောပြသွားသည်။

ကချင်ရိုးရာ မနောပွဲကို နှစ်စဉ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်သော ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော ပွဲတော်တစ်ခုဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မကျင်းပဖြစ်ခဲ့သော နှစ်များလည်းရှိပြီး ၂၀၁၁ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ပြီး ယခုတစ်ဖန်ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း မနောပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

## လာခဲ့ပါဆွေ မနောမြေ

- ဘယ်ကိုကြည့်ကြည့်
ကြည့်လေရာရာ၊ တောင်တန်းကာ၏
မြေလွှာတောတန်း၊ စိမ့်စမ်းလွှမ်း၍
ရှုစမ်းသည်မှာ၊ စိမ်းညို့ဖြာသည်
ရေမြစ်ကြီး၊ ပတ်ဝိုက်စီးသည့်
မြစ်ကြီးနားခေါ် "မနောမြေ"။
- ဘယ်ကိုရောက်ရောက်
ရောက်လေရာရာ၊ ဝန်းကျင်မှာလျှင်
"ရတနာရွှေ" ခိုသည့်မြေတည့်
မြေမှာရေမှာ၊ တောင်ကြောမှာလျှင်
ရှာတွေ့နိုင်လွန်း၊ ပေါနိုင်လွန်းစွ
သာလွန်းပါဘိ "မနောမြေ"
ကမ္ဘာကျော်သည့် ကျောက်စိမ်းမြေ။
- ရေအခေ၊ မလိခနှင့်
မေခမြစ်ဆုံ၊ သောင်ကျွန်းခုံမှာ
ရောင်စုံကျောက်များ၊ စီခြယ်ထား၏
လှအားပါဘိ၊ အရှိပုံသွင်
သံလွင်သီကြွေး၊ ငှက်စုံတေးနှင့်
လိုမ့်ပြေးရိုက်ခတ်၊ လှိုင်းကြက်ခွပ်တို့
တိမ်းညွတ်ဝပ်စင်း၊ ကျောက်ဆောင်ရင်းမှ
မြစ်မင်းနဒီ စ၍တည်
"ငါးထောင်စံ" စေတီသို့ဦးခိုက်ချီ
အင်ခိုင်ဘွမ်ရဲ့ ခြေရင်းဆီ။
- "ဗလမင်းထင်"၊ ပြည်ခွင်ကျော်ကြား
"မိုင်းနား"ဝန်းကျင်၊ ပုံရိပ်တင်သည့်
မင်းထင်တောင်အလှ၊ ပန်းရ၏
လှပမြင့်မား၊ တိုက်တာများလည်း
ထင်ရှားပေါ်လာ၊ "မြကျွန်းသာ"တည့်
ဝေဆာရိပ်စို၊ ပင်ကုက္ကိုနှင့်
ညောင်ညိုစိပ်ဖြာ၊ အုံ့ဆိုင်းစွာနှင့်
သာသနာဦး၊ စေတီထူးလည်း
ကမ်းနဖူးပေါ်၊ ရွှေရောင်တော်နှင့်
ရုပ်တော်မူတန်ဆောင်း၊ ရွှေသာလျှောင်းနှင့်
ဆုတောင်းပြည့်ဝန်းကျင်၊ ဆည်းလည်းလွင်သည်
ခိုဝင်သူတို့ ငြိမ်းအေးမှာ
ဓမ္မတေးနဲ့ကြိုလျက်ပါ။
- လာခဲ့ပါဆွေ "မနောမြေ"မှ
ချစ်ဆွေရောင်းရင်း၊ သွေးသားချင်းနယ်
ရင်တွင်းလှိုက်ကာ၊ ကြိုလျက်ပါတည့်
မြလွှာဝတ်ရုံ၊ ငွေနှင်းခြုံ၍
ချမ်းတုန်နေပြား၊ ပျော်ပျော်ပါးလေ
လက်များယှက်ရင်း "မနောကွင်း"ဝယ်
သီချင်းသံပြိုင်၊ လူလည်းမြိုင်လို့
ပိုင်နိုင်ဆုံက၊ တူညီကြဘိ
ကျား၊ မ ရွှင်ပျော် သည့်ပွဲတော်မှ
အုတ်အော်သောင်းတင်း၊ အောင်မြေနင်းသည်
သွေချင်းတို့တစ်တွေ လာခဲ့လေ
လှမ်းခဲ့ပါ...အို.. အဆွေ။ ။

ရွှေမြောလှဝင်းဆွေ

## စာဖတ်ရှိန်မြှင့်တင်ရေး သတင်းစာများ အခမဲ့ဖြန့်ဝေ

**မြစ်ကြီးနား ဇန်နဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြစ်ကြီးနားမြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံအရာရှိ ဦးကျော်ထက်နှင့်အတူ ဝန်ထမ်းများက ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြန်မာ့အလင်းနှင့် ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများကို (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲကျင်းပရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ နေ့စဉ်ထုတ်သတင်းစာများကို ဖြန့်ဝေပေးရာတွင် အနယ်နယ်အရပ်ရပ်မှ မနောပွဲတော်သို့လာရောက်ကြသည့် တိုင်းရင်းသားပြည်သူများအား ဇန်နဝါရီ ၅ ရက်မှ ပွဲတော်ပြီးဆုံးမည့် ၁၁ ရက်အထိ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း တာဝန်ခံအရာရှိထံမှ သတင်းရရှိသည်။ **မိုယ်းကျ(မြစ်ကြီးနား)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel ထုတ်လွှင့်မှုအစီအစဉ်

၈-၁-၂၀၁၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၀ | အဖွင့် -လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်)(အပိုင်း-၇) |
| ၆း၃၀ | အလင်္ကာကျော်စွာ မြို့မငြိမ်း နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ (အပိုင်း-၅) |
| ၆း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၆) |
| ၇း၂၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၇း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၁) |
| ၈း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၂) |
| ၉း၀၀ | တေးဂီတအစီအစဉ် (စတီရီယို) |
| ၉း၁၀ | ပြည်သူ့နီတိ "စိတ်ဒဏ်ရာအပေါက်များ" |
| ၉း၂၅ | ASEAN China Cultural Show |
| ၉း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ရင်မှာသည်လောက်ချစ်ပါသည်" (မြင့်မြတ်၊ မိုးဟေကို) (ဒါရိုက်တာ-ကျော်ဇောလင်း) |

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

ပြည်တွင်းရေးရာ

# ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော် မနောအိမ်တော် ကြိုဆိုညှော်ခံခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

(၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော်၊ မနောအိမ်တော်ကြိုဆိုညှော်ခံခြင်း အခမ်းအနားကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းရှိ မနောအိမ်တော်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုတက္ကသိုလ်မှ လူငယ်မောင်မယ်များက ကြိုဆိုသီချင်းများဖြင့် နွေးထွေးပျူငှာစွာ ကြိုဆိုကြသည်။

ယင်းနောက် (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် အထိမ်းအမှတ် ရိုးရာမနောပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက မနောအိမ်တော်တွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရတနာတောင်တန်း ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်က (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀ အား ပေးအပ်လှူဒါန်းရာ မနောပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌမှ လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မနောကွင်းအား လှည့်လည်ကြည့်ရှုကြပြီး (၆၇)ကြိမ်မြောက် ကချင်ပြည်နယ်နေ့နှင့် ရိုးရာမနောပွဲအထိမ်းအမှတ် ဈေးရောင်းပွဲတော်တွင် ပြည်ပမှလာရောက်ပြသထားသည့် အရောင်းဆိုင်ခန်းများနှင့် ပြည်တွင်းမှခင်းကျင်းပြသထားသည့် အရောင်းဆိုင်ခန်းများအား လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

**✳ ကျောဖုံးမှ**

"သန့်ရှင်းရမည်၊ စိမ်းလန်းရမည်၊ လှပရမည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အသန့်ရှင်းဆုံးမြို့နယ်ဆု ရွေးချယ်ပေးအပ်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများဖြင့် ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၂၆ ရက်အထိ ခရိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးမှူးများက ခရိုင်လေးခုအောက်ရှိ ၃၃ မြို့နယ်အတွင်း အချက် ၃၀ ပါ အမှတ်ပေးစည်းမျဉ်းများအရ မြေပြင်တွေ့ရှိစစ်ဆေးချက်ရမှတ်များဖြင့် အတည်ပြုကာ ရွေးချယ်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခဲ့ပြီး ရွေးချယ်ရေးဗဟိုကော်မတီမှ အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ပြီး သုံးလတစ်ကြိမ်ဆက်လက်ရွေးချယ်သွားမည် ဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူးက ပြောသည်။

ထိုရွေးချယ်ခံရသည့် ရန်ကုန်မြို့နယ် လေးမြို့နယ်မှာ အသန့်ရှင်းဆုံးမြို့နယ်ဆု ငွေကျပ် ၂၅ သိန်းနှင့် ဧည့်ခံစရိတ် ငါးသိန်း စုစုပေါင်း သိန်း ၃၀ အား မရမ်းကုန်းမြို့နယ်ကိုလည်းကောင်း၊ သန့်ရှင်းရေးစွမ်းဆောင်ဂုဏ်ပြုဆုရ သုံးမြို့နယ်ဖြစ်သည့် ဒဂုံ၊ ရန်ကင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တို့အား ဆုငွေကျပ် ၁၅ သိန်းနှင့် ဆုတံဆိပ်အတွက် ငွေကျပ် သုံးသိန်း စုစုပေါင်း ၁၈ သိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ခွင့်ပြုငွေများဖြင့် ချီးမြှင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူဦးရေများပြားလာပြီး စက်ရုံ၊ အလုပ်ရုံများ များပြားလာသဖြင့် ရန်ကုန်မြို့တွင်း လေထုညစ်ညမ်းမှု မြင့်မားသည်ဖြစ်ရာ ယခုအချိန်အထိ သန့်ရှင်းရေးဝန်ထမ်း ၃၈၈၄ ဦးခန့်ထားပြီး အမှိုက်သိမ်းတွန်းလှည်း ၂၉၇၀၊ အမှိုက်သိမ်းယာဉ် ၃၁၉ စီး၊ Euro Standard အမှိုက်ပုံး ၁၂၀၁၄ ပုံးကိုဝယ်ယူပြီး ၈၈၁၅ ပုံးအား မြို့တွင်းအတွင်း လမ်းပေါင်း ၂၅၉၄၉ လမ်းသို့ ဖြန့်ဝေချထားနိုင်ခဲ့ပါသည်။

"ရရှိသည့်ဆုငွေတွေကို ကျွန်တော်တို့ ရန်ကင်းမြို့နယ်အတွင်းမှာရှိတဲ့ ဝန်ထမ်းတွေအားလုံးကို မျှဝေပေးရမှာပါ" ဟု သန့်ရှင်းရေးစွမ်းဆောင်ဂုဏ်ပြုဆုရရှိသည့် ရန်ကင်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။ သန့်ရှင်းရေးဝန်ထမ်းစုစုပေါင်း ၂၇၉ ဦးရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး၊ သန့်ရှင်းသပ်ရပ်သာယာလှပရေးအတွက် ရေထု၊ မြေထု၊ လေထု သန့်ရှင်းရေး တာဝန်များကိုဆောင်ရွက်လျက်ရှိပြီး မြို့တော်နယ်နိမိတ်အတွင်းရှိစက်ရုံ၊ အလုပ်ရုံများမှ အမှိုက်စွန့်ပစ်မှု၊ ရေဆိုးစွန့်ပစ်မှုအခြေအနေများကို နည်းပညာအကူအညီဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန်ကပြောကြားသည်။

**(သန့်ဇင်ဝင်း)**

**ရန်ကုန် ဇန်နဝါရီ ၇**

# ဖောတံတား ခုနစ်စင်းတို့၌ ကုန်တင်/ကုန်ချပြုလုပ်ရာတွင် ဆိပ်ကမ်းတံတားကြေး စတင်ကောက်ခံ

မြစ်ဝကျွန်းပေါ်ဒေသသွား ပုဂ္ဂလိက (၁/၂)ထပ် ခရီးသည်တင်ရေယာဉ်များ ဆိုက်ကပ်နေသော ရန်ကုန်ဆိပ်ကမ်းမှ လှည်းတန်း၊ ရွှေတောင်တန်း၊ လမ်းမတော်၊ စဉ့်အိုးတန်း ဖောတံတား ခုနစ်စင်းတို့၌ ကုန်ပစ္စည်းများအတင်/အချပြုလုပ်ရာတွင် တံတားအသုံးပြုခများကို ကုန်ပစ္စည်းပိုင်ရှင်ထံမှ ကောက်ခံရမည်ဖြစ်သည်ဆိုသော စာတန်းအနီများ ချိတ်ဆွဲထားပြီး အတင်/အချပြုလုပ်သော ကုန်ပစ္စည်းများအတွက် တံတားအသုံးပြုခကောက်ခံနေခြင်းကို ဇန်နဝါရီလဆန်းမှစ၍ ပြုလုပ်နေကြောင်း လသာမြို့နယ်နေ ဆိပ်ကမ်းသို့ နေ့စဉ်ကုန်ပစ္စည်းများ တင်ပို့နေသူ ကုန်သည် ဦးသက်လွင်က ဆိုသည်။



မော်ကျွန်း-ရန်ကုန် ပြေးဆွဲနေသော ရုပ်ပြေးလူစီးသီးသန့်တစ်ထပ်ရေယာဉ် ဆိုက်ကပ်သည့် လှည်းတန်းဖောတံတား၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ မော်ကျွန်း၊ ဝါးခယ်မမြို့နယ်များနှင့် ပင်လယ်ပိုင်းဒေသသွား သင်္ဘောများ ဆိုက်ကပ်သည့် ရွှေတောင်တန်း၊ လမ်းမတော်၊ စဉ့်အိုးတန်းဖောတံတားများတွင် တံတားအသုံးပြုခများ စတင်ကောက်ခံနေသော်လည်း သတ်မှတ်နှုန်းထားများ တရားဝင်ကြေညာထားခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းထိ မမြင်တွေ့ရသေးသဖြင့် တံတားအသုံးပြုခကောက်ခံရာတွင် အခက်အခဲများရှိနေသည်ကို မြင်တွေ့နေရသည်ဟု သင်္ဘောဆိပ်တွင် ဆန်အိတ်များ တင်ဆောင်သည့် ဗိုင်နာကုန်တင်ယာဉ်လုပ်သားတစ်ဦးကဆိုသည်။

ပုဂ္ဂလိက (၁/၂)ထပ် ခရီးသည်တင်ရေယာဉ်များအသင်း ဖောတံတားလုပ်ငန်းအဖွဲ့မှ အဆိုပါတံတား ခုနစ်စင်းအား သက်ဆိုင်ရာမှ ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်သဖြင့် ယခုကဲ့သို့ တံတားကြေးကောက်ခံရခြင်းဖြစ်ကြောင်း၊ သင်္ဘောများ တံတားကပ်ခအဖြစ် ယခင်ကကျပ်၅၀၀၀ ဝန်းကျင် သင်္ဘောအရွယ်အစားအလိုက် ပေးဆောင်ရာမှ ယခုအခါ ကျပ်၈၀၀၀ မှ ကျပ် ၁၅၀၀၀ နှုန်းသို့ ပြောင်းလဲမည်ဖြစ်ကြောင်း၊ အဓိကကုန်ပစ္စည်းဖြစ်သော ဆန်အိတ်များအတွက် တံတားကြေးတစ်အိတ်လျှင် ၁၀ ကျပ်နှုန်းကောက်ခံမည်ဖြစ်ရာ သက်ဆိုင်ရာမှလည်း ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရပြီး၊ ဘုရင့်နောင် ပွဲရုံမှ ဆိပ်ကမ်းသို့လာသော မီးဖိုချောင်သုံးကုန်စည်များမှာမူ အရွယ်အစားအလိုက် တစ်အိတ်လျှင် အကြီး ၁၅ ကျပ်၊ အသေး ၁၀ကျပ်နှုန်း ကောက်ခံရန် စီစဉ်ထားကြောင်း အဆိုပါ ရေယာဉ်အသင်းမှ ကိုယ်စားလှယ် ဦးမြင့်စိုးက ပြောကြားသည်။

ကုန်သည်များ၏ ကုန်ပစ္စည်းများအပေါ် တံတားကြေးကောက်ခံရာတွင် တရားဝင်ပြေစာများအသုံးပြု၍ ကောက်ခံသင့်ကြောင်း၊ ခရီးသည်များ၏ တစ်နိုင်တစ်ပိုင် ပစ္စည်းများအပေါ် ဖြေလျှော့မှုပေးသင့်ကြောင်း၊ တံတားများအား သက်ဆိုင်ရာမှ ငှားရမ်းရာတွင် ငှားရမ်းခ၊ တံတားပြင်ဆင်ခများအတွက် တံတားကြေးကောက်ခံရာတွင် အကျိုးအမြတ်အတွက် ရည်မှန်းမလုပ်ဆောင်ဘဲ အများပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော နှုန်းထားမျိုးဖြစ်သင့်ကြောင်း၊ ကောက်ခံမည့်တံတားကြေးနှုန်းထားများကိုလည်း သိသာမြင်သာစွာ ကြေညာထားသင့်သည်ဟု ရန်ကုန် - မော်ကျွန်းခရီးစဉ်တွင် ပြေးဆွဲနေသော နှစ်ထပ်ရေယာဉ်တစ်စင်းမှ ကုန်တာဝန်ခံတစ်ဦးနှင့် မော်ကျွန်းမြို့မှ ကုန်သည်အချို့တို့က ဆိုသည်။

**(မောင်စေအောင်)**

# စာပေမြင့်မှ လူမျိုးတင့်မည်

**❒ ကျောဖုံးမှ**

ညောင်ချောင်းသာ ကမ်းခြေမှာ ဈေးဆိုင်ခန်းတွေကို အခု ဇန်နဝါရီလ ပထမပတ်မှာပဲ လျှောက်လွှာတွေ ခေါ်ယူနေပါပြီ။ ဆိုင်ခန်းတွေကိုတော့ တညီတညာတည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ကျွန်တော်တို့ ကော်မတီကပဲ ဆောက်လုပ်ပေးမှာပါ"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောကြားသည်။

ညောင်ချောင်းသာ ကမ်းခြေကို ယခုနှစ်ဦးပိုင်းလများတွင် အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် အဆိုပါကော်မတီများက သောင်အနေအထား၊ ရေအတိမ်အနက် တိုင်းထွာခြင်း၊ ဈေးဆိုင်ခန်းများ ဆောက်လုပ်ပေးမည့်နေရာ၊ ကားပါကင်ထားရှိမည့်နေရာ၊ သဲသောင်ပြင်ရှိ ရိုးချောင်းများ၊ ချိုင့်ခွက်များအား သဲမြေများဖြည့်စွက်ပေးခြင်းနှင့် အခြားသောဝန်ဆောင်မှုလုပ်ငန်းများကို ယခင်နှစ်များကထက် လာရောက်အပန်းဖြေ အနားယူသူများအား အဆင်ပြေချောမွေ့စေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

"လက်ရှိ သောင်ပြန့်အနေအထား အရပြောရရင် ယခင်နှစ်ကထက် ကျဉ်းမြောင်းနေသေးတော့ လာရောက်အပန်းဖြေမယ့်ဧည့်သည်တွေအတွက် အပန်းဖြေအနားယူမှု၊ ရေကစားမှု၊ အပျော်တမ်းလှေများစီးမှု စတဲ့ဝန်ဆောင်မှုတွေကို အခက်အခဲရှိမှာလည်းစိုးတယ်။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ဆီကို လာလည်တဲ့ဧည့်သည်ကို ဧည့်ဝတ်ကျေပွန်ချင်တာပါပဲ။ ကျွန်တော်တို့ဘက်က ဒီလိုစေတနာလေးတွေ ထားလို့လည်း တစ်နှစ်ထက်တစ်နှစ် လူသိလည်းပိုများ၊ ဧည့်သည်လည်း များပြားလာကြပါတယ်။ ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ အချိန်နဲ့တစ်ပြေးညီ ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ညောင်ချောင်းသာ ဖြစ်မြောက်ရေးကော်မတီနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများက ယခုအချိန်ကစပြီး ဆောင်ရွက်နေကြပါတယ်" ဟု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ညိုက ပြောကြားသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



**✳ ၂၀၁၅ ရာသီမှ**

အသင်းများအားလုံးမှာ နိုင်ငံခြားသားကစားသမားများကို အသုံးပြုမည်ဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

အမှတ်ပေးချန်ပီယံဆုကို သုံးကြိမ်စီဆွတ်ခူးထားသော ရတနာပုံနှင့်ရန်ကုန်အသင်းတို့၏ ကြီးစိုးထားမှုကို အခြားအသင်းများ ကျော်ဖြတ်နိုင်မလားဆိုတာ ။**သတင်း၊ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁ နှင့် ၉ တို့တွင် ဖော်ပြထားသည့် **'၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ ဒသမ ၅ သန်းကျော်လာရောက်'** သတင်းတွင် **'နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ ဒသမ ၀၈ သန်း'**ဟုပြင်ဆင်ဖတ်ရှုပါရန်။

(၀၀၁)

# ဗုဒ္ဓဘာသာတရားတော်အရ လူ့ဘဝပြဿနာဖြစ်ပေါ်ခြင်း အကြောင်းရင်းများနှင့် ဖြေရှင်းရန် နည်းလမ်းများရှိနှင့်ပြီးသား

**သီတဂူဆရာတော် အရှင်ဉာဏိဿရ**

**အီရန်နိုင်ငံ Teheran မြို့၌ Interreligious Dialogue ဘာသာရေးဆိုင်ရာ အပြန်အလှန်နှီးနှောဖလှယ်ပွဲသို့တက်ရောက်ရန် အီရန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဌာနခွဲ၏ ဖိတ်ကြားမှုကြောင့် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အစ္စလာမ်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်တို့အကြား အထင်အမြင်လွဲမှားမှုများကို ပယ်ဖျောက်ရန် အမြင်ချင်းဖလှယ်ခဲ့ရာတွင် သီတဂူဆရာတော်ကြီး၏ အခမ်းအနားမိန့်ခွန်းအားဖော်ပြပေးလိုက်ပါသည်–**




မြတ်ဗုဒ္ဓ၏ ဒေသနာတော်မှာ မိန့်ဆိုတော်မူချက်တစ်ခု ရှိပါတယ်။ "မပြတ်မပြတ်စည်းဝေးတိုင်ပင်ခြင်းသည် ချစ်ခင်ရင်းနှီးခြင်းကို ဖြစ်ပွားစေတယ်။ အချင်းချင်း မိတ်ဆွေဖွဲ့ခွင့်ကိုရစေတယ်။ အသိဉာဏ်ကိုလည်း တိုးပွားစေတယ်။ မပြတ်မပြတ် တွေ့ဆုံဆွေးနွေးခြင်းသည် အကျိုးစီးပွားတိုးပွားဖို့သာ ဖြစ်နိုင်တယ်။ ဆုတ်ယုတ်ဖို့ မဖြစ်နိုင်ဘူး" လို့ မိန့်ကြားတော်မူလေ့ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းက သတင်းများကို အီရန်ခေါင်းဆောင်တွေက မီဒီယာများမှတစ်ဆင့်ကြားပြီး အထင်လွဲမှားမှုတွေ ရှိနေပါလိမ့်မယ်။ အီရန်နိုင်ငံအကြောင်းကို မြန်မာတို့ကလည်း မီဒီယာများမှတစ်ဆင့် အဝေးကနေ စိုးရိမ်ပူပန်နေကြပါတယ်။ ဒီကနေ့ ဘုန်းကြီးတို့တစ်တွေ ရောက်လာတော့ ချစ်ကြည်ရင်းနှီးခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်၊ တိုက်ရိုက်မေးမြန်းဆွေးနွေးခွင့်၊ အမြင်ဖလှယ်ခွင့်များ ရကြပြီဖြစ်တဲ့အတွက်ကြောင့် တစ်ဆင့်ကြား အမြင်မှားတွေဟာ ကွယ်ပျောက်သွားကြလိမ့်မယ်လို့ယုံကြည်ပြီး ဘာသာကြီးနှစ်ခုတို့ရဲ့အကြား ညီညွတ်ရေးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့ကို တည်ဆောက်နိုင်လိမ့်မယ်။

**လူကြီးမင်းအပေါင်းတို့–**

ဒီကနေ့ကမ္ဘာကြီးရဲ့ နေရာတိုင်းလိုလိုမှာ ဝမ်းနည်းဖွယ်ရာ၊ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များ၊ ဆူပူလှုပ်ရှားမှုများ၊ ပဋိပက္ခများနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို အားလုံးသတိပြုမိပါလိမ့်မယ်။ စိတ်မချမ်းမြေ့ဖွယ်ရာကောင်းတဲ့ ကမ္ဘာကြီးမှာ ကျွန်ုပ်တို့ဘာသာရေးခေါင်းဆောင်တွေ ထိုပြဿနာအားလုံးရဲ့ အဖြေကို ရှာဖွေဖို့လိုပါတယ်။ ပြဿနာရဲ့ အကြောင်းအရင်းကို ရှာဖွေနိုင်မှ အဖြေမှန်ကိုရကြမှာဖြစ်ပါတယ်။ အဲဒါ သစ္စာတရားပါပဲ။ ဒါကြောင့် အရေးတကြီးလိုအပ်တာက လူသားထုတစ်ရပ်လုံးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးတို့ကို အရေးတကြီး ဝိုင်းဝန်းတည်ဆောက်ကြဖို့ ဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာ့မျက်မှောက်အခြေအနေမှာ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးခေါင်းဆောင်အားလုံးတို့ဟာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေမှာ ကျွန်ုပ်တို့ဘာသာရေး ခေါင်းဆောင်များအပိုင်းက သက်ဆိုင်ရာဘာသာတရားအသီးသီးရဲ့ မွန်မြတ်တဲ့ အဆုံးအမတွေကို လူသားများအား သင်ကြားပို့ချပေးခြင်းဖြင့် လူသားတို့၏ စိုးရိမ်ပူပန်ခြင်း၊ တင်းမာခြင်းနဲ့ ပဋိပက္ခများကို လျှော့ချပေးဖို့ရာ တာဝန်ရှိပါတယ်။

ဘာသာတရားတိုင်းဟာ သက်ဆိုင်ရာဘာသာတရားအသီးသီးကို လိုက်နာကိုးကွယ်ကြသူတိုင်းအား ကိုယ်ကျင့်သီလကောင်းဖို့၊ စိတ်ရိုင်းများကို ထိန်းချုပ်ဖို့၊ စိတ်ကောင်းများကို ပြုစုပျိုးထောင်ဖို့၊ စိတ်ဓာတ်ကို ဖြူစင်အောင် အားထုတ်ဖို့ တညီတညွတ်တည်း သင်ကြားဆုံးမကြတယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။

ခရစ်ယာန် သမ္မာကျမ်းစာကပဲဖြစ်ဖြစ်၊ အစ္စလာမ်ကိုရမ်ကျမ်းကပဲဖြစ်ဖြစ်၊ ဟိန္ဒူဝေဒကျမ်းကပဲဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာပိဋကကျမ်းကပဲဖြစ်ဖြစ် အားလုံးသော ဘာသာရေးကျမ်းစာများဟာ ရန်ငြိုးပြေဖို့၊ ဒေါသကိုထိန်းချုပ်ဖို့၊ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးကို တည်ဆောက်ဖို့ချည်း ဟောပြောတောင်းဆိုနေတာဖြစ်ပါတယ်။

မဟာဝီရဇိန၊ ဂျေးဆပ်ခရိုက်၊ တမန်တော်မိုဟာမက်၊ သိဒ္ဓတ္ထဂေါတမဗုဒ္ဓ၊ ကွန်ဖြူးရှပ်ဆိုတဲ့ ဘာသာရေးတည်ထောင်သူ ပုဂ္ဂိုလ်ကြီးများအားလုံး တညီတညွတ်တည်း ဟောတော်မူကြတာက ခန္တီ၊ မေတ္တာ၊ ကရုဏာ၊ ဝိဇ္ဇာနဲ့ စရဏဆိုတဲ့တရားတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်ုပ်တို့ နေထိုင်ရာ ဤကမ္ဘာမှာ မကြာခဏဆိုသလို အမျိုးဇာတ် ခွဲခြားမှု ပဋိပက္ခ၊ အသားအရောင်ခွဲခြားမှု၊ ဘာသာရေးအစွန်းရောက်မှု ပဋိပက္ခ၊ နိုင်ငံရေးအစွန်းရောက်မှု ပဋိပက္ခတွေရဲ့အောက်မှာ ကျွန်ုပ်တို့တစ်တွေဟာ ရိုက်ပုတ်မောင်းနှင်ခြင်းကို ခံရပါတယ်။ ရံဖန်ရံခါမှာ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး တစ်ခုခုကိုအကြောင်းပြုပြီး ရက်စက်ကြမ်းကြုတ်တဲ့ စစ်ပွဲကြီးတွေတောင် တိုက်ခိုက်တဲ့အထိ ဖြစ်ခဲ့ရပါတယ်။

ရေပြည့်နေသော ရေမျက်နှာပြင်ပေါ်၌ အပေါ်ယံ ဖုံးလွှမ်းနေသော ရေညှိရေမှော်များကိုသာ ရှုမြင်သောသူသည် ရေကြည်ရေအေးကို မသောက်ရသကဲ့သို့ဖြစ်ပါတယ်။ ဘာသာရေး အကာကိုသာ ကြည့်တတ်တဲ့ အပေါ်ယံသမား (superficial viewer) တို့မှာ ဘာသာတရားတိုင်းက ဆုံးမသောသည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သနားကြင်နာခြင်း၊ မိမိကိုယ်ကို စိစစ်ခြင်း၊ နားလည်ခြင်းအစရှိတဲ့ Inner core အတွင်းပိုင်း အနှစ်သာရတွေ ကင်းမဲ့နေကြပြီ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ နှလုံးသားမှာ ငြိမ်းချမ်းမှုမရှိရင် အပြင်လောကကြီးကို ငြိမ်းချမ်းရေး ဝေငှပေးနိုင်မှာ မဟုတ်ပါဘူး။ ဆူပူသောင်းကျန်းခြင်းနဲ့ ငြိမ်းချမ်းခြင်းတို့မှာလည်း အတူယှဉ်တွဲ ရှိနိုင်ကြမှာမဟုတ်ပါဘူး။ ကိုယ်တွင်းငြိမ်းချမ်းရေးရဖို့ရန် တစ်ခုတည်းသော နည်းလမ်းကတော့ ဝိပဿနာကမ္မဋ္ဌာန်း Insight meditation ပဲ ဖြစ်ပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းတရားဟာ အမျိုးဇာတ်နဲ့ဆိုင်သော ကျင့်စဉ်မျိုးမဟုတ်ပါ။ လူမျိုးစွဲ၊ ဇာတ်စွဲ၊ ဘာသာစွဲအားလုံးမှလွတ်သော သိပ္ပံနည်းကျကျ၊ အဘိဓမ္မာနည်းကျကျ မိမိကိုယ်ကို လေ့လာသုံးသပ်သောနည်းစနစ် the technique of self-observation နဲ့ မိမိ၏ အတွင်းသန္တာန်မှာရှိသော သစ္စာတရားကို မျက်မှောက်ပြုခြင်း self-realization ဖြစ်ပါတယ်။

ဒါကြောင့် အားလုံးသော အစ္စလာမ်ဘာသာဝင်တွေ၊ အားလုံးသော ခရစ်ယာန်ဘာသာဝင်တွေ၊ အားလုံးသော ဟိန္ဒူဘာသာဝင်တွေ၊ အားလုံးသော ဗုဒ္ဓဘာသာဝင်တွေ မည်သည့်ဘာသာဝင်မဆို self-observation ဆိုတဲ့ Insight meditation ကို အားထုတ်ကြည့်ကြပါ။ Inner core (သို့မဟုတ်) Inner peace ဆိုတဲ့ ကိုယ်တွင်းသန္တာန်မှာရှိသော သစ္စာတရားနဲ့ ငြိမ်းချမ်းရေးကို ဤဘဝမှာပင် လက်တွေ့ ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။

Insight meditation ကို အားထုတ်ကြည့်ရင် စိတ်နှင့်ကိုယ် (Mind & Body) နာမ်နဲ့ရုပ်တို့ အပြန်အလှန်မှီတွယ် အလုပ်လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာနဆိုတဲ့ ယုတ်မာတဲ့ စိတ်တွေ အရှိန်အဟုန် မြင့်တက်လာတဲ့အခါ ထိုစိတ်ညံ့တွေရဲ့ သောင်းကျန်းမှုများက ဆင်းရဲပင်ပန်းသော ခံစားမှုမျိုးစုံတို့ကို ကိုယ်တွင်းမှာဖြစ်စေလိမ့်မယ်။ အကယ်၍ ခန္တီ၊ ကရုဏာ၊ မုဒိတာ၊ ပညာဆိုတဲ့ positive state ယဉ်ကျေးသော စိတ်စေတသိက်တွေ အရှိန်အဟုန်မြင့်တက်လာတဲ့အခါမှာတော့ နှစ်သက်မြတ်နိုးဖွယ်ကောင်းတဲ့ ငြိမ်းချမ်းတဲ့အရာတွေ ကိုယ်တွင်းစိမ့်ဝင်ပျံ့နှံ့နေတာကို တွေ့ရမှာဖြစ်ပါတယ်။

လူ့စိတ်ဟာ ဆန်းကြယ်ပါတယ်။ ခဏတိုင်း ခဏတိုင်းမှာ ချစ်ခြင်း၊ မုန်းခြင်း၊ သနားကြင်နာခြင်း (သို့မဟုတ်) ရက်စက်ကြမ်းကြုတ်ခြင်း၊ ဝမ်းမြောက်ခြင်း (သို့မဟုတ်) မနာလိုခြင်း၊ လိုက်လျောညီထွေရှိခြင်း (သို့မဟုတ်) ဆန့်ကျင်ဘက်ပြုခြင်း၊ နှစ်သက်ဖွယ်ကောင်းခြင်း (သို့မဟုတ်) စိတ်ပျက်ဖွယ်ကောင်းခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း (သို့မဟုတ်) သူတစ်ပါး အများအကျိုးစီးပွားလိုလားခြင်း အစရှိသည်တို့ကို ထုတ်လုပ်ဖန်တီးနေပါတယ်။

ဒါ့ကြောင့် စိတ်စေတသိက်အားလုံးတို့၏ အပေါ်မှာ နှစ်မြို့ဖွယ်ကောင်းသော ခံစားမှုများ၊ မနှစ်မြို့ဖွယ်ကောင်းသော ခံစားမှုများ ဆိုတဲ့ ရေစီးကြောင်းနှစ်ခုဟာ အစဉ်သဖြင့် စီးဆင်းနေပြီးတော့ မြစ်တွေမှာ ရေလျှံသလို ဖြစ်နေပါတယ်။ ဝိပဿနာကမ္မဋ္ဌာန်းဟာ မြစ်ရေစီးသလို စီးနေတဲ့ ရုပ်တို့ရဲ့လှုပ်ရှားမှု အစဉ်အတန်းကြီး (ကာယကံ)၊ နှုတ်တို့ရဲ့ လှုပ်ရှားမှု အစဉ်အတန်းကြီး (ဝစီကံ)၊ စိတ်တို့ရဲ့ လှုပ်ရှားမှု အစဉ်အတန်းကြီး (မနောကံ)တို့သည် အကောင်းအဆိုး၊ နှစ်သက်ဖွယ်၊ စက်ဆုပ်ဖွယ်စသဖြင့် ရှာဖွေဖော်ထုတ်တဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ခြင်းကြောင့် ကျွန်ုပ်တို့တစ်တွေဟာ အစွန်းရောက်နေတဲ့ စိတ်ဓာတ်တွေကို ဟန်ချက်ညီအောင် ထိန်းနိုင်ကြမှာဖြစ်ပါတယ်။ ပြင်ပအာရုံတွေကြောင့် ယိမ်းယိုင်နေတဲ့စိတ်ကို ထိန်းနိုင်မှာဖြစ်ပါတယ်။ ကိလေသာတွေကြောင့် ကျန်းမာရေးချို့တဲ့နေတဲ့ စိတ်ကို ကျန်းမာအောင် ပြုပြင်နိုင်မှာဖြစ်ပါတယ်။ ကိလေသာရောဂါတွေကို ဖယ်ရှားတဲ့နေရာမှာ ဝိပဿနာဆေးဟာ အကောင်းဆုံးပါပဲ။ အစွန်းရောက်စိတ်ဓာတ်တွေကို ဟန်ချက်ညီအောင်ထိန်းတဲ့နေရာမှာ ဝိပဿနာဟာ အစွမ်းထက်ပါတယ်။ ဟန်ချက်ညီတဲ့ စိတ်ဟာ ဟန်ချက်မညီတဲ့ ကမ္ဘာကြီးကို ညှိပေးပါတယ်။ တည်ငြိမ်တဲ့စိတ်ဓာတ်ဟာ မတည်ငြိမ်တဲ့ ကမ္ဘာကို တည်ငြိမ်စေပါလိမ့်မယ်။ ငြိမ်းချမ်းတဲ့ စိတ်ဓာတ်ဟာ ဆူပူတဲ့ ကမ္ဘာကြီးကို ငြိမ်းချမ်းစေပါလိမ့်မယ်။

**(သီတဂူဆရာတော်၏ မိန့်ခွန်းအား ဆက်လက်ဖော်ပြပါမည်။)**

# တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

The 7th Horizon Open Table Tennis Championship 2015 ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်း အမှတ် (၂၃၅) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်အသက် (၁၂)နှစ်အောက်နှင့် အသက် (၁၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား အသက် (၁၈)နှစ်အောက်ပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်းအဆင့်ပြိုင်ပွဲ၊ အမျိုးသား အသက် (၄၅)နှစ်အထက်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် အားကစားသမားများအား ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို Single Knock out System၊ ITTF နှင့် MTTF တို့၏ လက်ရှိကျင့်သုံးနေသော ပြိုင်ပွဲစည်းမျဉ်းဥပဒေအတိုင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီနောက်ဆုံးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Horizon International School (Po Sein Campus) နှင့်မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ကာကွယ်ရေးကလပ် (အမှတ်-၂ တပ်မတော်စစ်ဆေးရုံ) တို့၌ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲများနှင့်စပ်လျဉ်း၍ Mr.Maa Mang ဖုန်း-၅၄၃၉၂၆၊ ၅၅၁၇၉၅ နှင့် ၅၅၁၇၉၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် အရှေ့ပိုင်းခရိုင် လျှပ်စစ်ဌာန အုပ်ချုပ်ရေးမှူး ဦးစံဌေး ဦးဆောင်၍ သာကေတမြို့နယ် လျှပ်စစ်ဌာန အုပ်ချုပ်ရေးမှူး ဦးအေးမင်းဝင်းနှင့် အင်ဂျင်နီယာအဖွဲ့တို့က သာကေတ (၈)ရပ်ကွက် နဝရတ်လမ်းနှင့် (၅)လမ်းကြားတွင် 200 KVA ထရန်စဖော်မာတစ်လုံးကို တပ်ဆင်၍ ဓာတ်အားပို့လွှတ်ပေးခဲ့သည်။ ကျန်ထရန်စဖော်မာများကို တပ်ဆင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# မြို့နယ်ဘောလုံးဒိုင်လူကြီး သင်တန်းဆင်း

**ညောင်တုန်း ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မြို့နယ်ဘောလုံးဒိုင်လူကြီး သင်တန်းဆင်းပွဲကို မြို့နယ်အားကစားရုံခန်းမ၌ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးဒိုင်လူကြီး သင်တန်းဆရာ ဦးလှတင့်တို့က အသီးသီးအမှာစကားပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဘုန်းမြင့်က သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးသို့ ပေးအပ်သည်။

သင်တန်းတွင် ပထမဆုရရှိသော သင်တန်းသား အောင်သူဟိန်း၊ ဒုတိယဆုရရှိသော သိန်းထွဋ်စံနှင့် တတိယဆုရရှိသော စောအောင်ကြည်ထွန်းတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ သင်တန်းသို့ သင်တန်းသား ၄၃ ဦးနှင့် သင်တန်းသူ နှစ်ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## လျှပ်စစ်သုံးလျှင် သတိယှဉ်
## ဝန်အားမမျှမသုံးရ

# မြန်မာ့ပျားရည်များအား ဂျပန်မှ အများဆုံးဝယ်ယူ

**တပ်ကုန်း ဇန်နဝါရီ ၇**

တပ်ကုန်းမြို့နယ်အတွင်းရှိ ပျားမွေးမြူရေး လုပ်ငန်းမှ ထွက်ရှိသည့် ပျားရည်များအား ဂျပန်နိုင်ငံမှ အများအပြား ဝယ်ယူလျက်ရှိကြောင်း ရွှေပြည်စိုး ပျားမွေးမြူရေးလုပ်ငန်းမှ ဦးရွှေတိုးက ပြောသည်။

အဆိုပါ မွေးမြူရေးခြံတွင် ပြည်တွင်းမှ စားသုံးသူများ၊ တစ်ဆင့်ပြန်လည်ရောင်းချသူများနှင့် ပြည်ပ နိုင်ငံများသို့ တင်ပို့မှုမှာ ပိုမိုများပြားလျက်ရှိပြီး ၎င်းမွေးမြူရေးခြံမှ ထွက်ရှိသော ပျားရည်များကို ပြည်ပနိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့နေရကြောင်း သိရသည်။



"အခုနောက်ပိုင်း ဂျပန်တွေက ကော်ဖီတွေထဲမှာ သကြားအစား ပျားရည်ကို ထည့်ပြီးသောက်လာတယ်။ သကြားကို ကဖင်းဓာတ်ပါလို့ မထည့်ကြတော့ဘူး။ သကြားအစား ပျားရည်ကို အစားထိုးသုံးလာကြတော့ ပျားရည်ဝယ်ယူမှုက မြင့်တက်လာတယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတော့ ဒီလောက်မများဘူး။ အခုနောက်ပိုင်း တော်တော်များများဝယ်လာကြတယ်။ ကျွန်တော်တို့ ဒီအလုပ်ကို လုပ်လာကြတာ ၁၂ နှစ်လောက်ရှိပါပြီ။ အခုလို နိုင်ငံခြားက ဝယ်ယူတဲ့အတွက် စီးပွားရေးလည်း ကောင်းမွန်လာပါတယ်"ဟု ၎င်းက ပြောသည်။

နေပြည်တော်ကောင်စီအတွင်းရှိ ပျားမွေးမြူရေးလုပ်ငန်းမှာ ၁၂၀၀ ခန့်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ ကိုယ်စားလှယ်ကုမ္ပဏီများဖြစ်သော စမိုင်း၊ ရွှေပန်၊ ရွှေရည်ဝင်းကုမ္ပဏီများသို့ ပို့ဆောင်ပေးရပြီး ၎င်းတို့မှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရကြောင်း ဦးရွှေတိုးကပြောသည်။

ရွှေပြည်စိုး ပျားမွေးမြူရေးလုပ်ငန်းမှာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်တွင် ပင်မလုပ်ကိုင်၍ တပ်ကုန်းမြို့နယ် အပါအဝင် ရှမ်းပြည်နယ်ရှိ ကသာ၊ အောင်လံ၊ တောင်ကြီး၊ ပဲခူးတိုင်းဒေသကြီးရှိ ရွှေကျင်တို့တွင် တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**စန္ဒာဝင်း**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေသခံများနှင့်တွေ့ဆုံ

**နေပြည်တော်၊ ဇန်နဝါရီ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ မြို့မအားကစားရုံ၌ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ စီမံကိန်းဝင်ကျေးရွာမှ ကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လာမည့်နှစ်တွင် စတင်ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း CDD(Community Driven Development Project) နှင့် ပတ်သက်ပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ထားရှိရမည့် သဘောထားခံယူချက်၊ စွမ်းဆောင်ရည် မြင့်မားစေရေးနှင့် ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ရရှိရေးတို့အား တွေ့ဆုံညှိနှိုင်းဆွေးနွေးကာ ဒေသခံများ၏တင်ပြချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တောင်သမန်အင်းသို့ ရောက်ရှိပြီး ရေလုပ်သားများ၊ အင်းဂရန်ကိုင်၊ ငါးရောင်းဝယ်နေသူများနှင့်တွေ့ဆုံကာ စားနပ်ရိက္ခာ ဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ တောင်သမန်အင်းဂေဟစနစ် မပျက်သုဉ်းစေဘဲ စဉ်ဆက်မပြတ် ငါးထုတ်လုပ်မှုတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များအား တာဝန်သိစိတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဇန်နဝါရီ ၂ ရက်တွင်ကျင်းပ သည့် ပင်လည်ဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀) ပြည့် ရွှေရတုနှင့်အာစရိယပူဇော်ပွဲသို့ တက်ရောက်ပြီး အလှူငွေနှင့် ရွှေရတုစာကြည့်တိုက်အတွက် ဘိလပ်မြေအိတ်များပံ့ပိုးပေးခဲ့သည်။ **(သတင်းစဉ်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်



**ရန်ကုန်၊ ဇန်နဝါရီ ၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်း၍ ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ရုံးတွင် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စမ်းသပ်နယ်မြေအဖြစ် မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ သန်လျင်နှင့် လှိုင်သာယာမြို့နယ်များကို သတ်မှတ်ပြီး ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် သင်တန်းများကို ပို့ချလျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း သင်တန်းသားဦးရေ ၁၈၉ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် သင်တန်းသား ၅၃၄ ဦးကိုလည်းကောင်း ဆင့်ပွားသင်တန်းများပို့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း စနစ်သင်တန်း (Community Policing) ကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူး ၄၂ ဦးကိုပို့ချပေးခဲ့ပြီး ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ဆိုင်ရာ ဆင့်ပွားသင်တန်းများ ပို့ချနိုင်ရေးအတွက် ရဲတပ်ဖွဲ့ နည်းပြသင်တန်းများ၊ ရဲလုပ်ငန်းဆိုင်ရာ အသိပညာ ပြန့်ပွားရေးအတွက် စာသင်ကျောင်းပညာသင်ကြားမှုအစီအစဉ်များ(School Education Package)၊ ရဲတပ်ဖွဲ့ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ (Service Delivery Course)၊ လူစုလူဝေး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမှု သင်တန်း၊ ဖမ်းဆီးနည်းသင်တန်း၊ အခင်းဖြစ်ရပ် ဗီဒီယိုရိုက်ကူးနည်း သင်တန်းနှင့် စက်ဘီးဖြင့် လှည့်ကင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ကွင်းဆင်းဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ဘီးအစီးရေ ၁၀၀ ကို ဥရောပသမဂ္ဂက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လှူဒါန်းထားပြီး ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ယူမှ တာဝန်ရှိသူများ လိုက်ပါကာ သက်ဆိုင်ရာ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေနဲ့ EU နဲ့ ပူးပေါင်းပြီး ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်တွေလုပ်နေတယ်။ ရဲတပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်မြင့်မားဖို့အတွက် သင်တန်းတွေပို့ချခြင်းဖြစ်တယ်။ EU က ဖွင့်တဲ့ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်တွေထဲမှာ စက်ဘီး လှည့်ကင်းဆိုတဲ့ ဘာသာရပ်လေးတစ်ခုပါတယ်။ အဲဒီ စက်ဘီးလှည့်ကင်းက ရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေထဲမှာ ထိရောက်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး လှည့်ကင်းဆောင်ရွက်တဲ့အခါမှာ ကား (သို့မဟုတ်) ဆိုင်ကယ်နဲ့ လှည့်ကင်းလှည့်တာလည်းရှိတယ်။ အဲဒီလှည့်ကင်းတွေက ပြည်သူနဲ့ထိတွေ့မှု နည်းပါးတယ်။ စက်ဘီးကျတော့ ရပ်ကွက်ထဲမှာ လမ်းကြိုလမ်းကြားဝင်ရတော့ ပြည်သူနဲ့ထိတွေ့မှုအခွင့်အလမ်း ပိုရတယ်။ ထိတွေ့ပါများတဲ့အခါကျတော့ ပြည်သူနဲ့ရဲတပ်ဖွဲ့ရင်းနှီးမှုရလာတယ်။ ရင်းနှီးမှုရလာပြီး သူတို့ရဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ရဲတပ်ဖွဲ့ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်။ ပြောတဲ့အခါ ရဲတပ်ဖွဲ့ကလည်း ကူညီစောင့်ရှောက်ပေးနိုင်တယ်။ ပြည်သူနဲ့ရဲတပ်ဖွဲ့ တစ်သားတည်းဖြစ်ပြီး ရဲတပ်ဖွဲ့ကလည်း ပြည်သူတွေအတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ အများဆုံးပေးနိုင်တယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင် ရဲတပ်ဖွဲ့က လိုလားတဲ့ သတင်းအချက်အလက်တွေကို ရင်းနှီးမှုရလာတဲ့အတွက် ပြည်သူဆီက ပြန်ရနိုင်တယ်။ ဒါတွေက ရဲတပ်ဖွဲ့အတွက် မှုခင်းကျဆင်းရေးလုပ်ငန်း၊ မှုခင်းဖော်ထုတ်ရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ သူတို့ဆီကရတဲ့ သတင်းအချက်အလက်ပေါ်မူတည်ပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ လုပ်နိုင်တဲ့အတွက် ရဲတပ်ဖွဲ့အတွက် အကျိုးရှိတယ်။ ဒါကြောင့် ဒီစက်ဘီးလှည့်ကင်းလေးဟာ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်တွေထဲမှာ ထူးခြားတဲ့လုပ်ဆောင်ချက်တစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ပြည့်စုံက ပြောသည်။

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် သင်တန်းမှာ သီတင်းပတ် နှစ်ပတ်ကြာမြင့်မည်ဖြစ်ကာ ၂၀၁၅ ခုနှစ်အတွက် သင်တန်းအမှတ်စဉ်(၂)ကို သန်လျင်မြို့နယ်တွင် ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးသူဇာစိုး၊ ရီရီမြင့်**

■ ■ ■

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၁-၂၀၁၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ ဓဇဂ္ဂသုတ် |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၃း၅၅ | Cartoon Series (English Playground) |
| ၄း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၁၀း၀၀ | သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs |
| ၁၀း၁၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၅၀ | အံ့ဖွယ်ထူးခြား အင်းလေးဒေသဆီမှ ရှေးဟောင်းဘုရားများ |

# ဖရဲဈေးကျဆင်းနေရာမှ ယခုနှစ်စတွင် မြန်မာ့ဖရဲဈေးကောင်းလာနိုင်မည်ဟု တောင်သူများခန့်မှန်း

**နေပြည်တော် ဇန်နဝါရီ ၇**

ယခုနှစ်ရာသီတွင် ဈေးကွက်အတွင်း၌ ဖရဲဈေးကျဆင်းနေရာ ဇန်နဝါရီပထမပတ်အတွင်းမှ စတင်၍ ဖရဲဈေးပြန်လည်ကောင်းမွန်လာခဲ့သောကြောင့် ဖရဲရာသီနှောင်းပိုင်းတွင် ဈေးကောင်းရနိုင်ကြောင်း တပ်ကုန်းမြို့နယ်အတွင်းမှ ဖရဲစိုက်တောင်သူ ဦးတင်ထွန်းက သုံးသပ်ပြောသည်။

မြန်မာပြည်တွင်းတွင် စိုက်ပျိုးသော ဖရဲများကို နှစ်စဉ်နှစ်တိုင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်သွင်းကာ ဈေးကောင်းရခဲ့ပြီး ယခုနှစ်တွင် ပြည်တွင်း၌ တရုတ်နိုင်ငံသားများက စိုက်ပျိုးမြေများငှားရမ်းကာ ဖရဲမျိုးကောင်းများ လာရောက်စိုက်ပျိုးပြီး တရုတ်နိုင်ငံအတွင်းသို့ ပြန်လည်တင်သွင်းခဲ့သောကြောင့် မြန်မာ့ဖရဲစိုက်တောင်သူများ၏ ဖရဲဈေးကွက်တွင် အရောင်းကျဆင်းခဲ့ရကြောင်း သိရသည်။

"ဒီနှစ် ဖရဲဈေးက ရာသီအစကတည်းက မကောင်းတာပါ၊ တစ်လုံး ကျပ်၅၀၀ လောက်ပဲရတယ်။ မနှစ်က ဖရဲရာသီမှာ ကျွန်တော့် စိုက်ခင်း လေးဧကကို ကျပ်သိန်း ၅၀၀ ဝင်တယ်။ ဒီနှစ်တော့ ကျပ်သိန်း ၅၀ လောက်ပဲ ရသေးတယ်"ဟု ဦးတင်ထွန်းက ပြောသည်။

"ဖရဲက ဒီနှစ်ရှုံးတယ် ဒါပေမယ့် ကျွန်တော်တို့ရဲ့ မိရိုးဖလာလုပ်ငန်း ဖြစ်တဲ့အတွက် နောင်နှစ်လည်း စိုက်ဖြစ်မှာပါ။ မြန်မာဖရဲတွေ ဒီနှစ်ရှုံးခဲ့ရင်တောင်မှ ဆက်ပြီး စိုက်ဖြစ်ဦးမှာပါ"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့်နှစ် ဖရဲရာသီတွင် ဖရဲသီးတစ်လုံးလျှင် ကျပ် ၂၅၀၀ ခန့်ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ်တွင် တစ်လုံးလျှင် ကျပ် ၅၀၀ ခန့်သာ ရရှိကာ ဇန်နဝါရီ ပထမပတ်မှစတင်ပြီး တစ်လုံးလျှင်ကျပ် ၇၀၀ ခန့် ရရှိလာခဲ့သည်။

ယခုကဲ့သို့ ဖရဲဈေးပြန်လည်တက်လာခဲ့ခြင်းမှာ ရာသီနှောင်းပိုင်း ဖရဲစိုက်ခင်းများတွင် သီးနှံအထွက် ကျဆင်းလာခဲ့ပြီး ဈေးကွက်အတွင်း ဖရဲရှားပါးလာမှုကြောင့်ဖြစ်သည်ဟု ဖရဲစိုက်ပျိုးသူများက သုံးသပ်ထားပြီး ဖရဲဈေး အတက်အကျသည် အဓိကအားဖြင့် တရုတ်နိုင်ငံ၏ ဈေးကွက်အခြေအနေပေါ်တွင် မူတည်နေကြောင်း ၎င်းတို့က ပြောသည်။

**ခင်ခင်သက်**

# တက္ကသိုလ်အသိုက်အဝန်းအတွက် အခမဲ့ဆေးကုသမှုများအပြင် အဆင့်မြှင့်တင်မှုများပါ ဆောင်ရွက်သွားမည့် တက္ကသိုလ်များဆေးရုံ (ရန်ကုန်)

အင်တာဗျူး - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

တက္ကသိုလ်များဆေးရုံ (ရန်ကုန်)သည် ၁၉၂၈ ခုနှစ် ဇွန် ၃ ရက်တွင် စတင်တည်ထောင်ခဲ့သည်။ ယခုအခါ နှစ်ပေါင်း ၉၀ နီးပါး သက်တမ်းရှိနေပြီဖြစ်သော ခုတင် (၁၀၀) ဆံ့ တက္ကသိုလ်များဆေးရုံ (ရန်ကုန်)အား ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အဆင့်မြှင့်တင်မှုများကို ၂၀၁၄ နိုဝင်ဘာနောက်ဆုံးပတ်မှ စတင်၍ ခုတင် (၁၀၀) ဆံ့ ဆေးရုံစံနှုန်းများအတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်များဆေးရုံ (ရန်ကုန်) ကို လက်ရှိ အဆင့်မြှင့်တင်နေမှုအခြေအနေနှင့် အဆင့်မြှင့်တင်ပြီးနောက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ၊ ဝန်ထမ်းများအပေါ် တိုးချဲ့ဆောင်ရွက်ပေးနိုင်မှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သက်ဆိုင်ရာတာဝန်ရှိသူများအား သွားရောက်တွေ့ဆုံ၍ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။



ဒေါက်တာအောင်မျိုးဟိန်း
(လက်ထောက်ဆရာဝန်)
တက္ကသိုလ်များဆေးရုံ(ရန်ကုန်)



ဦးဇော်ဌေး(ညွှန်ကြားရေးမှူးချုပ်)
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)



ဒေါက်တာအေးကိုကို
တိုင်းကျန်းမာရေးဦးစီးမှူး



ဒေါက်တာယဉ်ယဉ်ထွေး
(ဆေးရုံအုပ်ကြီး)
တက္ကသိုလ်များဆေးရုံ(ရန်ကုန်)

**ဒေါက်တာအေးကိုကို**
**(တိုင်းကျန်းမာရေးဦးစီးမှူး)**

တက္ကသိုလ်များဆေးရုံ(ရန်ကုန်)က အရင်ကတည်းက ခုတင် ၁၀၀ ဆိုပေမယ့် ဝန်ထမ်းအင်အားကို စံကိုက်ဖွဲ့စည်းပုံ ပေးမထားဘူး။ အရင်က ပစ္စည်းကိရိယာရှိပေမယ့် မစုံဘူးပေါ့။ ခွဲစိတ်ခန်းလိုဟာမျိုး မရှိဘူးပေါ့။ အခု တက္ကသိုလ်များဆေးရုံ(ရန်ကုန်)ကို ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာလကုန်ကတည်းက အဆင့်မြှင့်တင်မှုတွေ စတင်လုပ်ဆောင်နေတယ်။ ဆေးရုံသုံးစက်ပစ္စည်းကိရိယာ၊ ဆေးဝါး၊ ဓာတ်မှန်စက် 200-MA၊ အီးစီဂျီ (ECG) စက်တွေဖြည့်ဆည်းပေးထားတယ်။ အောက်ဆီဂျင်ပေးတဲ့စက်၊ ခွဲစိတ်ခန်းသုံးခုတင်၊ ခွဲစိတ်ခန်းသုံး ဓာတ်မီးကအစ အသစ်ထုတ်ပေးထားတယ်၊ ခုတင်၊ မွေ့ရာ၊ လော်ကာ အားလုံးကို ခုတင် ၁၀၀ ပြည့်အောင် ဖြည့်ဆည်းပေးထားပြီးပြီ။ ခွဲစိတ်ခန်းလည်း ထပ်ထည့်မယ်။ လိုအပ်တဲ့ ပစ္စည်းရှိရင်လည်း ထပ်မံဖြည့်ဆည်းပေးဖို့ အစီအစဉ်တွေရှိပါတယ်။

တက္ကသိုလ်များဆေးရုံ(ရန်ကုန်) ဆိုတာက ရန်ကုန်မှာရှိတဲ့ အခြားတက္ကသိုလ်တွေအတွက်ပါ ရည်ရွယ်ပါတယ်။ ကျောင်းသား၊ ဆရာ ဆရာမနဲ့ ဝန်ထမ်းမိသားစုတွေကတော့ အခမဲ့ကုသခွင့်ရအောင် ဆောင်ရွက်မယ်။ အပြင်က လူနာတွေတော့ ပြင်ပလူနာဌာနမှာ ပြသခွင့်ရှိတယ်။ ကုသခွင့်တော့မရှိဘူး။ တက္ကသိုလ်များ ဆေးရုံ (ရန်ကုန်) အဆောက်အအုံနဲ့မြေက ပညာရေးဝန်ကြီးဌာနပိုင်ဖြစ်နေတော့ ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး တိုင်ပင်ဆောင်ရွက်သွားမှာပါ။ ပညာရေးဌာနပိုင်တဲ့ မြေ၊ အဆောက်အအုံကို ကျန်းမာရေးဝန်ကြီးဌာနက လူအင်အား၊ ပစ္စည်း၊ ဘတ်ဂျက်နဲ့ သွားတာ။ ပြင်ဆင်ဖို့ ပညာရေးကခွင့်ပြုရင်တောင် ကော်မတီဖွဲ့ပြီး ကတ်ဘိနက်ကိုတင်ရမှာဆိုတော့ ကတ်ဘိနက် အတည်ပြုမှ ခုတင် (၁၀၀) ဖွဲ့စည်းပုံကျတာ။ ဝန်ကြီးဌာနအချင်းချင်း အပေးအယူနဲ့ လုပ်လို့မရဘူး။

**ဒေါက်တာယဉ်ယဉ်ထွေး (ဆေးရုံအုပ်ကြီး)**
**တက္ကသိုလ်များဆေးရုံ(ရန်ကုန်)**

လောလောဆယ် တက္ကသိုလ်များဆေးရုံ(ရန်ကုန်)မှာ ကျန်းမာရေးဝန်ထမ်း ၃၆ ဦး အချိန်ပြည့် တာဝန်ထမ်းဆောင်နေပါတယ်။ ဆရာဝန် ရှစ်ဦး၊ သူနာပြုခြောက်ဦးနဲ့ အခြားဝန်ထမ်းတွေပေါ့။ အရင်ကတည်းက ခုတင်(၁၀၀) ဆိုပေမယ့်ဝန်ထမ်းအင်အားကို စံကိုက်ဖွဲ့စည်းပုံ ပေးမထားဘူး။ အရင်က ဆေးရုံသုံး ပစ္စည်းကိရိယာတွေရှိတယ်၊ မစုံဘူး။ ဥပမာ ခွဲစိတ်ခန်းလိုဟာမျိုး မရှိဘူးပေါ့။ ကျွန်မတို့က တက္ကသိုလ်ဆေးရုံ အဆောက်ကြီးတစ်ခုလုံးကို ခွဲခန်းပါတဲ့ ပြင်ပလူနာဆောင်လုပ်ဖို့ ပထမအနေနဲ့ရည်ရွယ်တယ်။ နောက်ပြီးရင်တော့ ဆေးရုံလေးထပ်ဆောင်တစ်ခု ဆောက်မယ်။ ကျွန်မတို့ အစီအစဉ်ဆွဲထားတာ ပင်မဆောင်မှာပဲ ခွဲစိတ်ခန်းအဓိက ထပ်ထည့်မယ်လို့ ရည်ရွယ်ထားတယ်။ ပုံမှန်ဝန်ထမ်းတွေအပြင် ခုတင် (၁၀၀) ဆေးရုံစံနှုန်းအရ ခွဲစိတ်အထူးကု၊ ဆေးပညာအထူးကု၊ အရိုး၊ မျက်စိ၊ သွားဘက်ဆိုင်ရာအထူးကု၊ နောက် စိတ်ရောဂါအထူးကုဆရာဝန်ပါ ထားမယ်။

**ဒေါက်တာအောင်မျိုးဟိန်း (လက်ထောက်ဆရာဝန်)**
**တက္ကသိုလ်များဆေးရုံ (ရန်ကုန်)**

တက္ကသိုလ်များဆေးရုံ(ရန်ကုန်) အနေနဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဓိက စောင့်ရှောက်မှုတွေ လုပ်နေတယ်။ ပြင်ပလူနာဌာနကို နေ့တိုင်းဖွင့်ပြီး ပြင်ပလူနာတွေ ကုသပေးတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူမှ မဟုတ်ဘူး ဒီမှာရှိတဲ့ ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်။ လာရောက်ကုသမှု ခံယူသူတိုင်းကို နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ အခမဲ့ ကုသပေးတယ်။ ဆေးတွေ အကုန်လုံးကို အခမဲ့ပေးတယ်။

အရင်တုန်းက ဖျားနာတာလောက်ပဲ ကုသပေးနိုင်ပေမယ့် အခုနောက်ပိုင်းမှာ ဆေးတွေ လုံလုံလောက်လောက် ရလာတော့ သွေးတိုး၊ ဆီးချို စတာတွေကိုပါ ဆေးဝါးအခမဲ့နဲ့ ကုသပေးနိုင်နေပြီ။ သွေးတိုး၊ ဆီးချို လူနာတွေလည်း ဒီမှာ လာရောက်ကုသတာ အတော်များပါတယ်။ အတွင်းလူနာအဖြစ် တက်ရောက်ကုသဖို့ လိုအပ်လာရင်လည်း ကုသပေးနိုင်တယ်။ ခွေးရူးကာကွယ်ဆေးဆိုရင်လည်းအခမဲ့ ထိုးပေးနိုင်တယ်။ ကျောင်းသား ကျောင်းသူတွေ မြွေကိုက်တာမျိုး ဖြစ်လို့ အတွင်းလူနာအနေနဲ့ ကုသခံရမယ်ဆိုရင်လည်း ဒီမှာကုသပေးနိုင်ပါတယ်။ မြွေကိုက်ခံရရင် ဒီဆေးရုံမှာပဲ သွေးစစ်ပြီး မြွေဆိပ်ဖြေဆေးထိုးပေးနိုင်တယ်။ အရေးပေါ်ကုသမှု လိုအပ်လာလို့ တခြားဆေးရုံကို လွှဲပြောင်းပေးဖို့လိုအပ်ရင် ဆရာဝန်၊ ဆရာမနဲ့ လူနာတင်ယာဉ် ရှိပါတယ်။ ဒီနားပတ်ဝန်းကျင်မှာ မွေးလူနာအတွက် အခက်အခဲရှိရင် ဒီဆေးရုံမှာ မွေးခန်း ဖွင့်ထားပေးတယ်။

ကျွန်တော်တို့ ဆေးရုံအနေနဲ့ လက်ရှိမှာ မလုပ်ပေးနိုင်သေးတာက ခွဲခန်းနဲ့ပတ်သက်တာတွေပေါ့။ ခွဲခန်းမရှိတဲ့ အတွက်ပါ။ ခုတင်(၁၀၀)နဲ့ အဆင့်မီတဲ့ ခွဲစိတ်ခန်းသုံးပစ္စည်းတွေ၊ ဓာတ်မှန်စက်၊ အာထရာဆောင်းနဲ့ သွားဘက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာတွေ အကုန်လုံး ဆေးရုံမှာ နိုင်ငံတော်အစိုးရ ထောက်ပံ့မှုနဲ့ ရထားပြီးပါပြီ။ ပစ္စည်းတွေအားလုံးက ပြည့်စုံနေပါပြီ။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်**
**အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)**

တက္ကသိုလ်များဆေးရုံ(ရန်ကုန်)ကို အရင်တုန်းက ကျောင်းသားကျောင်းသူတွေနဲ့ ဝန်ထမ်းတွေက ဆေးခွင့်လိုချင်လို့ ဆေးလက်မှတ်လာလုပ်တာ များတယ်။ ဒီတက္ကသိုလ်ဆေးရုံကို ဗဟိုပြုပြီး အနီးအနားဝန်းကျင်မှာ ကျန်းမာရေးစောင့်ရှောက်မှုလိုရင် တက္ကသိုလ်အလိုက်ဖွင့်ထားတဲ့ ဆေးခန်းတွေမှာ ထိုင်ပေးတဲ့ ဆရာဝန်တွေရှိတယ်။ ဆရာဝန်တွေ အနေနဲ့လည်း ပညာရေးဌာနက အခါအားလျော်စွာ ပြုလုပ်တဲ့ လှုပ်ရှားအဆောက်အအုံပိုင်း ပြင်ဆင်မှုတွေလုပ်ပြီးရင်တော့ ကျွန်တော်တို့ ဖွင့်လှစ်နိုင်တော့မှာပါ။ စက်ပစ္စည်းတွေလက်ရှိမှာ မတပ်ဆင်ရသေးပေမယ့် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ HIVပိုး၊ ကာလသားပိုး ဒါတွေ စစ်ဆေးပေးဖို့လည်း အစီအစဉ် လုပ်ထားတယ်။ အခမဲ့ စစ်ပေးမှာပါ။ အသည်းရောင်အသားဝါကိုလည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် အတတ်နိုင်ဆုံး အခမဲ့ထိုးပေးနိုင်ဖို့ စီစဉ်နေပါတယ်။ ဆေးရုံခုတင်အလုံး (၁၀၀)လည်း အပြည့်အစုံ အထောက်အပံ့ရထားပါပြီ။

မှုတွေ၊ ဥပမာ စုံညီပွဲတော်လိုမျိုး နောက်ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ လာသွားတဲ့ အရှေ့တောင်အာရှ သင်္ဘောခရီးစဉ် ကြိုဆိုရေးလုပ်ငန်းမျိုး၊ အဲဒီလိုလုပ်ငန်းမျိုးမှာ သင်္ဘောဆိပ်တွေအထိသွားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးတယ်။ ကျောင်းသားတွေရဲ့ လေ့လာရေးခရီးစဉ်တွေနဲ့ Home Stay ကိစ္စတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်။ ပြောရမယ်ဆိုရင် ယခင်တုန်းက တက်ရောက်ကုသမှုထက်ကို ကျန်းမာရေးနဲ့ဆိုင်တဲ့ လက်မှတ်ယူတဲ့ကိစ္စတွေ၊ ပြင်ပထွက်ပြီး စောင့်ရှောက်မှုပေးတဲ့ အပိုင်းတွေမှာ များခဲ့တယ်။ အခုနောက်ပိုင်းမှာတော့ အဲဒီအပြင် နေ့စဉ်သာမန်ဖျားနာမှုတွေအတွက်တော့ ၁၀၀ ရာခိုင်နှုန်းကို အားကိုးလို့ ရသွားပြီ။ ကုန်ကျစရိတ်လည်း အခမဲ့၊ ဆေးဝါးလည်း အပြည့်အစုံရတယ်။ ယခင်ကမရခဲ့တဲ့သွေးတိုး ဆီးချိုကုသပေးတာမျိုးကအစ ဒီမှာ ရလာပြီပေါ့။

အခုလို အဆင့်မြှင့်တင်ပြီး စက်ပစ္စည်းကိရိယာ ပြည့်ပြည့်စုံစုံနဲ့ ကုသပေးနိုင်မယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေ၊ ဝန်ထမ်းတွေ၊ ဒီအနီးနားဝန်းကျင်က နေထိုင်သူတွေအတွက် အားကိုးရတဲ့ ဆေးရုံကြီးဖြစ်လာမှာပေါ့။ တက္ကသိုလ်တွေမှာ စာကြည့်တိုက်တွေ၊ recreation center တွေ၊ ဓာတ်ခွဲခန်းတွေ၊ ဆွေးနွေးပွဲခန်းမတွေ ရှိဖို့လိုသလို တက္ကသိုလ်စာတိုက်၊ တက္ကသိုလ်ဆေးရုံတွေလည်း ရှိဖို့လိုအပ်တယ်။ တက္ကသိုလ်များ ပုံနှိပ်တိုက်စတာတွေ ရှိဖို့လိုတယ်။ တက္ကသိုလ်ဆေးရုံဆိုတာ ကျောင်းသား ကျောင်းသူတွေအတွက်ရော ဝန်ထမ်းတွေအတွက်ပါ ပိုပြီးတော့ ဝန်ဆောင်မှုတွေပေးလာနိုင်မယ်ဆိုရင် အထောက်အကူပြုတဲ့ ဆေးရုံဖြစ်လာမှာပေါ့။ အဲဒီလိုဖြစ်လာဖို့ အတွက်တော့ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသွားရမှာပါ။



တက္ကသိုလ်များဆေးရုံ(ရန်ကုန်)။

---

# စာတတ်သူတိုင်းစာဖတ်နိုင်ရန် ဓမ္မစေတီစာကြည့်တိုက်ဖွင့်

**ပုသိမ် ဇန်နဝါရီ ၇**

ပညာရတနာများစုစည်းရာစာအုပ်စာစောင်များ၊ စာတမ်းများကို ဗဟုသုတရသစုံလင်စွာနှင့် ကဏ္ဍပေါင်းစုံစွာ သိုမှီးထားရှိရာနေရာဖြစ်သည့် အမှောင်ခွင်း၍ အလင်းဆောင် "ဓမ္မစေတီ"စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သစ်ပုတ်ကုန်းအုပ်စု ကြခတ်ချောင်းကျေးရွာ၌ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။ ယင်းဓမ္မစေတီစာကြည့်တိုက်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်က စတင်



ဆောက်လုပ်ပြီး ဒီဇင်ဘာ ၃၁ ရက်တွင် ပြီးစီးကြောင်း သိရသည်။ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကုန်ကျပြီး အာရ်စီတစ်ထပ်အဆောက်အအုံ ဖြစ်သည်။ ယင်းစာကြည့်တိုက်ကို လယ်တီကျောင်းတိုက်ရှိ ဆရာတော်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကြခတ်ချောင်းကျေးရွာသည် မြို့နှင့်အလှမ်းဝေးသည့် ဒေသဖြစ်၍ ဗဟုသုတမျိုးစုံတိုးပွားရန်လိုလားသူ၊ အတတ်ပညာ၊ အသိပညာများရှာဖွေလိုသော ရပ်ရွာအတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် စာတတ်သူတိုင်း စာဖတ်နိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ကြောင်း လယ်တီကျောင်းတိုက် ဆရာတော် ဦးသုနန္ဒက ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ-အေးအေးမြင့်**

---

# လားရှိုးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**လားရှိုး ဇန်နဝါရီ ၇**

လားရှိုးမြို့နယ် နမ္မဘောဒကျေးရွာတွင် လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရုံးဝန်ထမ်းများက ကျေးရွာနေလားဟူတိုင်းရင်းသားပြည်သူများအတွက် အိမ်ထောင်စုဇယား ၂၃၀ နှင့် (၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၆၀ အား ဇန်နဝါရီ ၃၊ ၄ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးပြီး ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် နမ္မဘောဒကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ တွဲဖက်ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် မြို့နယ်မှူး ဦးစီးအရာရှိ ဦးလေးမောင်တို့က အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**



## အဲလက်စ်ဆောင်း ကင်မရွန်း ကစားသမားဘဝမှ အနားယူပြီ

ကင်မရွန်းနှင့် ဝက်စ်ဟမ်းကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် ၎င်း၏နိုင်ငံကင်မရွန်းအသင်းတွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့်အပြင် လက်ရှိတွင်လည်း ကင်မရွန်းလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်းကို အတိအလင်းကြေညာလိုက်ပြီဖြစ်သည်။

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသို့ အငှားဖြင့် လာရောက်ကစားလျက်ရှိသည့် ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် ကင်မရွန်းကစားသမားဘဝကို အနားယူလိုက်ပြီးနောက် ယခုလတွင် လက်ရှိကစားလျက်ရှိသည့် ဝက်စ်ဟမ်းအသင်းအတွက် အကောင်းဆုံးကစားပေးလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။ ကင်မရွန်းကစားသမားဘဝမှ အနားယူလိုက်သော်လည်း အဲလက်စ်ဆောင်းက မိမိအနေဖြင့် မိမိနိုင်ငံကိုချစ်မြတ်နိုးခြင်းမှာ မည်သည့်အခါမျှ ပြောင်းလဲသွားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းသည် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားတွင် အုပ်စုအဆင့်၌ ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်မှစတင်ကာ ကင်မရွန်းလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားပေးခဲ့ခြင်း မရှိခဲ့ပေ။

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ယခုဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ကာ နိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲထွက်ခွင့်မရခဲ့သည့် အဲလက်စ်ဆောင်းအနေဖြင့် ယခုအာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင်လည်း ကင်မရွန်းအသင်းနှင့် နောက်တစ်ကြိမ်ပွဲထွက်ခွင့်ဆုံးရှုံးခဲ့ရခြင်းကြောင့် ကင်မရွန်း လက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ခြင်းဖြစ်ကြောင်း ကွင်းလယ်ကစားသမား အဲလက်စ်ဆောင်းက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## ၂၀၁၅ ဖော်မြူလာဝမ်းပြိုင်ပွဲတွင် ကိုရီးယားဂရင်းပရီကို ထည့်သွင်းကျင်းပမည်မဟုတ်

၂၀၁၅ ခုနှစ်အတွက် ဖော်မြူလာဝမ်းပြိုင်ပွဲကျင်းပရန် ရာသီပြက္ခဒိန်ကို ထုတ်ပြန်ခဲ့ရာ ကိုရီးယားဂရင်းပရီကို ထည့်သွင်းကျင်းပသွားမည်မဟုတ်ဘဲ စုစုပေါင်း ပွဲ ၂၀ သာ ကျင်းပမည်ဟု FIA ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ သိရသည်။

ကိုရီးယား ဂရင်းပရီပြိုင်ပွဲကို ယောင်နန်းမြို့တွင် လွန်ခဲ့သည့်လေးနှစ်က ကျင်းပခဲ့ရာ ဗက်တယ်(လ်)က သုံးကြိမ်နှင့် အလွန်ဆိုက တစ်ကြိမ်အောင်ပွဲခံနိုင်ခဲ့သည်။

သို့သော် ၂၀၁၅ အချိန်စာရင်းကို ထုတ်ပြန်ခဲ့ရာ ဘာရိန်းဂရင်းပရီသည် ဧပြီ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဥရောပရာသီအစပွဲဖြစ်သည့် စပိန်ဂရင်းပရီကို မေ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရက်သတ္တသုံးပတ်ကွာဟသဖြင့် ကိုရီးယားဂရင်းပရီကို မကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖော်မြူလာဝမ်းပြိုင်ပွဲကျင်းပရေး အကြီးအကဲ မစ္စတာဘာနီအယ်လီစတုန်းက ပြီးခဲ့သည့် ဒီဇင်ဘာလက ပြောကြားခဲ့ရာတွင် "ကျွန်တော်တို့နဲ့ ကိုရီးယားနိုင်ငံအကြား စာချုပ်တစ်ရပ်ချုပ်ဆိုထားတာရှိပါတယ်။ ဒါကြောင့် ပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးရမှာပေါ့။ တကယ်လို့ ကျွန်တော်တို့ဘက်က ပျက်ကွက်ခဲ့ရင် သူတို့အနေနဲ့ ဥပဒေကြောင်းအရ တောင်းဆိုမှုတွေကို ပြုလုပ်လာနိုင်တယ်"ဟု ဆိုသည်။ ဂရင်းပရီပြိုင်ပွဲ ၂၀ ပါဝင်မည့် ၂၀၁၅ ဖော်မြူလာဝမ်းပြိုင်ပွဲမှာ မတ် ၁၅ ရက်တွင် စတင်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ **မေလှဲ့သင်း**

## တိုက်စစ်အတွက် အခွင့်အလမ်းများစွာရှိကြောင်း နည်းပြ အာစင်ဝင်းဂါး ထုတ်ဖော်ပြောကြား



စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အိုလီဗာဂီရောက်၊ ဒန်နီဝဲလ်ဘက်နှင့် အိုးဇေးလ်တို့ သုံးဦးစလုံးပါဝင်လာမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းအတွက် အခွင့်အလမ်းများစွာရှိကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ၎င်း၏ယုံကြည်ချက်ကို လူသိရှင်ကြားထုတ် ဖော်ပြောကြားလိုက်သည်။

ထို့ပြင် ယခုနှစ်ဘောလုံးရာသီကုန်တွင် အောင်မြင်မှုရလဒ်ဖြင့် အဆုံးသတ်နိုင်ရေးသေချာရန် လိုအပ်လျက်ရှိသည့် တိုက်စစ်ပိုင်းပြဿနာအတွက် ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများစွာရှိကြောင်း နည်းပြဝင်းဂါးအနေဖြင့် ပြောကြားခဲ့သော်လည်း တောင်ပံကစားသမားဝဲလ်ကော့ အကောင်းဆုံးပြန်ကစားနိုင်ရန်လည်း သတိပေးပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ယမန်နှစ်အက်ဖ်အေဖလား နောက်ဆုံး ဗိုလ်လုပွဲတွင် ထိပ်တိုက်ဆုံတွေ့ခဲ့သည့် ဟားစီးတီးအသင်းကို ယခုနှစ် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားစတုတ္ထအဆင့်သို့လည်း တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။

ဒူးဒဏ်ရာပြဿနာကြောင့် အာဆင်နယ်အသင်း၏ ပွဲစဉ်များနှင့် တစ်နှစ်နီးပါးကြာ လွဲခဲ့ရသည့် ဝဲလ်ကော့သည်လည်း အဆိုပါ ဟားစီးတီးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာခဲ့သည်။ လက်ရှိတွင် သုံးပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့် တိုက်စစ်မှူးအိုလီဗာဂီရောက်နှင့် ပေါင်ဒဏ်ရာရရှိထားရာမှ ပြန်လည်သက်သာလာသည့် အင်္ဂလန်တိုက်စစ်မှူး ဝဲလ်ဘက်တို့ စတုတ်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်သည်။ ထို့ပြင် ဒဏ်ရာပြဿနာများ ကြုံနေရကာ သုံးလကြာအနားယူနေရသည့် ကွင်းလယ်ကစားသမား အိုဇေးလ်သည်လည်း စတုတ်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းအတွက် ရလဒ်ကောင်းများဆောင်ကြဉ်းနိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိလာရန် သေချာနေပြီဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

လက်ရှိအချိန်အထိ အာဆင်နယ်အသင်းတွင် ဒဏ်ရာရကစားသမားအများအပြားရှိနေသော်လည်း စတုတ်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ဖလာမီနီနှင့် ရမ်ဆေးတို့ ပါဝင်လာရန်လည်း မျှော်လင့်ထားကြောင်း နည်းပြ အာစင်ဝင်းဂါးက ဆိုသည်။

သို့သော် အာဆင်နယ်အသင်းခေါင်းဆောင် မိုက်ကယ်အာတီတာမှာ နိုဝင်ဘာ ၂၆ ရက်က ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်ရရှိခဲ့သည့် ခြေသလုံးဒဏ်ရာကြောင့် စတုတ်စီးတီးအသင်းနှင့် ပွဲစဉ်တွင် လွဲချော်မည်ဖြစ်ကြောင်းသိရသည်။

အာဆင်နယ်အသင်းသည် ဒဏ်ရာရကစားသမားအများအပြားရှိနေခြင်းကြောင့် ရလဒ်များဆိုးရွားနေခဲ့သော်လည်း ဟားစီးတီးအသင်းနှင့်ပွဲစဉ်တွင် ဂိုးသမား ချက်ဇ်စီနေရာတွင် ဒေးဗစ်အိုစပီနာအား အစားထိုးကစားစေခဲ့သည့်အပြင် အသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ပိုဒေါ်စကီးကို အင်တာမီလန်အသင်းသို့ ရောင်းချခဲ့သည်။ ထို့ပြင် လူငယ်တိုက်စစ်မှူး ဆာနိုဂိုကိုလည်း ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန်အတွက် ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားချရန် မျှော်လင့်ထားကြောင်း ဝင်းဂါးက ပြောကြားခဲ့သည်။

ထို့သို့ တိုက်စစ်မှူးများကို ရောင်းချခြင်း၊ အငှားချခြင်းများကို ပြုလုပ်ရန် စီစဉ်ထားသော်လည်း နောက်တန်း ခံစစ်ကြောင်းအတွက် စိန့်အက်စ်တီယန်နောက်တန်းကစားသမားလို့က်ပါရင်အား ယခုဇန်နဝါရီဈေးကွက်တွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**

**NEW MOTION** Travels & Tours

New Motion

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေ့လျားသစ်လွင် ခရီးစဉ်

| | | |
|---|---|---|
| ★ ပုဂံ | ~ | Jan; 15,22 , Feb; 11,27 |
| ★ မန္တလေး | ~ | Jan; 15,22 , Feb; 11,27 |
| ★ တောင်ကြီး | ~ | Jan; 15,22 , Feb; 11,27 |
| ★ ငွေဆောင် | ~ | Jan; 16,23 , Feb; 13,28 |
| ★ အလောင်းတော်ကဿပ | ~ | Jan; 29 , Feb; 11,27 |
| ★ မော်လမြိုင် | ~ | Feb; 13,28 |
| ★ ရွှေစက်တော် | ~ | Feb; 12,27 |

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

**အထူးဝမ်းမြောက်ဂုဏ်ယူခြင်း**

၁၉၉၀ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် ငွေရတုကာလများတိုင် ကုမ္ပဏီလုပ်ငန်းများတွင်သာမက Htoo Foundation ထူထောင်၍ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ခံရသူများကို ကယ်ဆယ်ရေးစသည့် လူမှုအကျိုးပြုလုပ်ငန်းများ အားတက်သရောဆောင်ရွက်ကာ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်သော Htoo Group of Companies အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**Asian Wings Airways Ltd.**မိသားစု

**အထူးဝမ်းမြောက်ဂုဏ်ယူခြင်း**

[illegible]

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မျိုးမင်းထွဋ်[၁၂/ဥကမ(နိုင်)၁၈၇၆၅၉]ကိုင်ဆောင်သူ၏ Passport M-791934 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၇၃၂၃၈၀၅၆

**အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P)ပြန်လည်ရုပ်သိမ်းခြင်း**

ပျဉ်းမနားမြို့၊ ရန်ကုန်-မန္တလေးကားလမ်း၊ ပေါင်းလောင်း(၂)နေ ဦးသိန်းဟန်(ဘ) ဦးမြ[၅/ကဘလ(နိုင်)၀၀၇၄၇၉]က ဗိုလ်ကြီးသန့်ဇော်(ငြိမ်း) (ဘ)ဦးမြသောင်း[၁၃/ကလန(နိုင်)၀၁၇၇၈၄]သို့ မိမိ၏အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀-၁၂-၂၀၁၃ ရက်က မှတ်ပုံတင်စာချုပ်အမှတ်-၂၀၀/၂၀၁၃ဖြင့် လွှဲအပ်ခဲ့ပါသည်။

ဗိုလ်ကြီးသန့်ဇော်(ငြိမ်း)သို့ လွှဲအပ်ခဲ့သည့် ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၀/၂၀၁၃ကို ဦးသိန်းဟန်က ၇-၁-၂၀၁၅ ရက်မှစတင်၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိရန် ကြေညာအပ်ပါသည်။

ဦးသိန်းဟန်၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်ဝင်း**B.A(Psy),H.G.P,R.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၉၁/၉၀)

အမှတ်(၁၁/၅၆)၊ အုတ်တံတားလမ်း၊

မစိုးရိမ်ရပ်၊ ပျဉ်းမနားမြို့။

ဖုန်း-၀၆၇-၂၁၃၂၉၊ ၀၉-၄၉၂၀၁၇၁၉

# စီးလုံးငှားမော်တော်ယာဉ်ဖြင့် နိုင်ငံခြားသားများ ရှေးဟောင်းသမိုင်းဝင် ဘော်ကြို(မုဋ္ဌော) စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်လေ့လာ



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ သမိုင်းဝင် ရှေးဟောင်းဘော်ကြို (မုဋ္ဌော) စေတီတော်မြတ်ကြီးသို့လည်း နိုင်ငံခြားသားများ မန္တလေးမှတစ်ဆင့် မော်တော်ယာဉ် စီးလုံးငှား၍ မိသားစုလိုက် လာရောက်ကြသည်။

ပြည်ပဧည့်သည်များအနေဖြင့် သမိုင်းဝင်ဘော်ကြိုစေတီတော်မြတ်ကြီး၏ သမိုင်းရာဇဝင်များကို စိတ်ဝင်စားစွာလေ့လာခြင်း၊ မှတ်တမ်း ဓာတ်ပုံများရိုက်ကူးခြင်း ပြုလုပ်ကြသည်။

ယင်းနောက် စီးလုံးငှားမော်တော်ယာဉ်ဖြင့် ငါးမိုင်ကွာဝေးသော သီပေါမြို့ရှိ ဟိုတယ်များသို့ သွားရောက်တည်းခိုကြပြီး တချို့ကမူ သီပေါမှ ၁၃၀ မိုင်ကွာဝေးသော မန္တလေးမြို့သို့ လှပသည့်ဂုတ်တွင်းကားလမ်းအတက်အဆင်းများကို ဖြတ်သန်းခံစားရင်း ပြန်ကြကြောင်း သိရသည်။

ခရီးသွားရာသီဖြစ်သော အေးချမ်းပွင့်လင်းသည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့တွင် နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသားဧည့်သည်များသည် ကား၊ ရထားတို့ဖြင့်ရှမ်းပြည်မြောက်ပိုင်းသို့လာရောက်လည်ပတ်လေ့ရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

**သီပေါကိုလတ်**

## ချောင်၊ ဘုန်းကြီးမှော်နှင့် ပိတောက်ရေနံ မှော်တို့တွင် ရေနံထွက်ရှိမှု နည်းလာ

**ကလေး၊ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-ကလေးဝလမ်းဘေး ရေနံချောင်းကျေးရွာ ချောင်၊ ဘုန်းကြီးမှော်နှင့် ပိတောက်ရေနံ မှော်တို့တွင် ရေနံထွက်ရှိမှု လုံးဝမရှိသလောက် အထွက်နည်းလာသောကြောင့် ဒေသတွင်းနေပြည်သူများနှင့် ရေနံမှော်နေသူများသာ စားဝတ်နေရေး ပြေလည်မှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ သီးနှံလေးများစိုက်ပျိုးကာ ရေနံခပ်ယူနေကြရကြောင်း သိရသည်။

"ရေနံက လုံးဝကို မထွက်တော့ပါဘူး။ ခပ်ကျင်းစောင့်တဲ့သူတွေပဲရှိပါတယ်။ တစ်ရက်လုံးစောင့်ခပ်မှ တစ်ဂါလန်ဝန်းကျင်ပဲရပါတယ်။ စီးပွားဖြစ်လုပ်တဲ့သူတွေ မရှိတော့ပါဘူး။ ခပ်ကျင်းလေးစောင့်ရင်း တစ်ဖက်ကပဲတီစိမ်းတို့ ပဲရင်းတို့စိုက်ရင်း လုပ်ကြတဲ့သူတွေပဲရှိပါတယ်"ဟု နတ်ကြီးကုန်းကျေးရွာမှ ဦးမြသောင်းက ပြောသည်။

"ရေနံတွင်းမှာနေကြတဲ့သူတွေက အိမ်ထောင်စု ၅၀ ဝန်းကျင်ပဲရှိမယ်ထင်ပါတယ်။ ရေနံမှော်နဲ့ ရွာနဲ့က တစ်မိုင်ဝန်းကျင်ပဲဝေးတော့ ရေနံမှော်မှာပဲနေကြတော့တယ်။ ရေနံတူးတာကလည်း အများကြီးမရတော့ပါဘူး။ စားဝတ်နေရေး ပြေလည်ရုံပဲရပါတယ်။ ရေနံစိမ်းတစ်ဂါလန်ကို ရေနံချောင်းက ချက်ဖိုကိုရောင်းတာ ၁၅၀၀ ကျပ်ပဲရတယ်" ဟု ရေနံလုပ်သားတစ်ဦးက ပြောသည်။

ရေနံချောင်းကျေးရွာဘေးရှိ ရေနံမှော်များသည် တစ်ချိန်က ကလေးမြို့နယ်တွင် နာမည်ကြီးရေနံမှော်များဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် မှော်ပျက်များသာ ဖြစ်နေပြီဖြစ်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

**လင်းလက်ကြယ်စင်**

## ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာရှိကျောင်းအား အထက အဆင့်တိုးမြှင့်

**ဒိုက်ဦး၊ ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဗျက်ကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၏ မုခ်ဦး၌ဖဲကြိုးဖြတ်ဖွင့်လှစ်ရာ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦး ငြိမ်းထွန်းကျော်၊ ဒိုက်ဦးမြို့နယ် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစောထွန်းလှအေးတို့က ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားကိုဗျက်ကြီးကျောင်းရှိ စစ်ကောင်းဧည့်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာကြီးတို့က အသီးသီးအမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်မင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမ များ၊ဒိုက်ဦး အထက (၁) မှ ဘင်ခရာ ကျောင်းသားကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ စုစုပေါင်း အင်အား ၅၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အသိပညာပေးဟောပြော

**ညောင်တုန်း၊ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲကို အမှတ်(၁)အထက လှိုင်းပညာခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ရဲအုပ်ချစ်စိန်က ပြောကြားရာတွင် ယခုခေတ် ယခုအခါတွင် မြို့တိုင်းနယ်တိုင်းတွင် မော်တော်ဆိုင်ကယ်ယာဉ်များနှင့် အခြားယာဉ်များ ပိုမိုများပြားနေသလို ကျောင်းသား ကျောင်းသူများလည်း တစ်နှစ်ထက် တစ်နှစ် မြို့တိုင်းနယ်တိုင်းတွင် တိုးပွားလျက်ရှိကြောင်း တွေ့ရသည်။ ကျောင်းသား ကျောင်းသူများအား ကျောင်းသွား ကျောင်းပြန် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာများဖြန့်ဝေအသိပေးခြင်းဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ လမ်းညွှန်အမှတ်အသား၊ လမ်းဘေးဝဲယာ ဆေးရေးအမှတ်အသားများအကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းသား ကျောင်းသူများတွင်သာမက ပြည်သူအားလုံးတွင် တာဝန်ရှိ၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပရိုဂျက်တာများဖြင့် အသေးစိတ် ရှင်းလင်းဟောပြောသွားသည်။ အလားတူ အထက(၂)နှင့် မြို့မ အထက(ခွဲ)တို့အား မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဆက်လက်၍ ပရိုဂျက်တာများဖြင့် ပြသ၍ ရှင်းလင်းဟောပြောသွားကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## တံတားမြို့တွင် လူငယ်တစ်ဦး ကြိုးဆွဲချသေဆုံး

**ကျောက်တန်း၊ ဇန်နဝါရီ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၄)ရပ်ကွက် အနော်ရထာလမ်း အမှတ်(၃၃၂)တွင် အသက် (၂၂)နှစ်ရှိ ခိုင်ဇော်ဦးသည် ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် ၎င်း၏ နေအိမ် အပေါ်ထပ်၌ ကြိုးဆွဲချ သေဆုံးနေကြောင်း သတင်းပေးပို့ တိုင်တန်းချက် အရ တံတားနယ်မြေစခန်းမှူးရဲအုပ်ထွန်းထွန်းဝေနှင့်အဖွဲ့က သွားရောက်စစ်ဆေး၍ သေမှု သေခင်း အမှတ်စဉ် (၁/၂၀၁၅) ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## ထရန်စဖော်မာသုံးလုံးတိုးချဲ့တည်ဆောက်လျက်ရှိ

**သုံးခွ၊ ဇန်နဝါရီ ၈**

ရန်ကုန်တောင်ပိုင်းခရိုင်၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး၊ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ယခုရက်ပိုင်းအတွင်း ရှင်စောပုလမ်းနှင့်စည်သူလမ်းထောင့် 160KVA ထရန်စဖော်မာတစ်လုံး၊ ဗန္ဓုလလမ်းနှင့်ဗန္ဓုလလမ်း သွယ်သုံးထောင့်တွင် 160 KVA ထရန်စဖော်မာတစ်လုံး ကျန်စစ်လမ်းတွင် 160 KVA ထရန်စဖော်မာ တစ်လုံးစုစုပေါင်း သုံးလုံး တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**အမည်ပြောင်း**

ဦးလွင်ဦး၏သား ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ဆဌမတန်း(က)မှ မောင်ဇွဲမော်ပြည့် အား မောင်နေဦးလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆/ဘီ)ဟုခေါ်တွင်သော(၆)ခန်းတွဲ(၈)ထပ်တိုက်မှ(၇)ထပ်ဘီ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာအပ်ပါသည်။**

အထက်ပါတိုက်ခန်းအား ကန်ထရိုက်တာဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂] (Chairman) FATHERLAND CONSTRUCTION & DECORATION CO.,LTD အမှတ်(၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ကျွန်ုပ်၏အမှုသည် ဦးခင်ကြိုင်[၁၄/ဒဒရ(နိုင်)၀၅၆၆၅၉] အမှတ်(၉)၊ အခန်း(၅)၊ အဝေရာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူမှ ၁၅-၁၁-၂၀၁၁ရက်တွင် တိုက်ခန်းကို အရစ်ကျငွေချေစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ စရန်ပေးကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး တိုက်ခန်းတန်ဖိုးငွေ၏ သုံးပုံနှစ်ပုံကျော် ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းမှာ ဆောက်လုပ်ပြီးစီးခြင်းမရှိသေးသည့်အတွက် တိုက်ခန်းရောင်းသူ ဦးကျော်မြင့်မှ တိုက်ခန်းဝယ်ယူသူ ကျွန်ုပ်၏အမှုသည် ဦးခင်ကြိုင်အား ယနေ့ထိတိုင်လက်ရောက် ပေးအပ်နိုင်ခြင်းမရှိသေးပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းသည် တိုက်ခန်းဝယ်ယူသူ ဦးခင်ကြိုင်မှ တိုက်ခန်းရောင်းသူ ဦးကျော်မြင့်သို့ တိုက်ခန်းတန်ဖိုးငွေ၏ သုံးပုံနှစ်ပုံကျော်ပေးချေ၍ ဝယ်ယူထားပြီးသော အခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်ကြိုင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်အောင်ထွန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၁၂၀)
အမှတ်- ၇၃၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၈၆၄၄



**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အုန်းနဲ့ကုန်းကျေးရွာ၊ ကွင်းအမှတ်-၁၀၃၄၊ ဦးပိုင်အမှတ် ၉၂ရှိ မြေ ၁. ၈၀ဧကကို မူလလုပ်ကိုင်ခွင့်ရရှိသူ ဦးသိန်းအောင် HGU-၀၄၂၇၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်စိုး[၁၂/ကတတ(နိုင်)၀၀၄၈၈၀]က ၂၇-၁၂-၈၈ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ၁၉၈၉-၉၀စိုက်ပျိုးရာသီအတွက် ဦးမြင့်စိုးအမည်ဖြင့် မြေခွန်ပြေစာထွက်ပြီးဖြစ်ပါသည်။ မြေပုံကူးယူပြီး လယ်ယာမှအပ အခြားနည်းဖြင့် အသုံးပြုရန် (လန-၃၉)အဖြစ် လျှောက်ထားဆဲတွင် တစ်စုံတစ်ယောက်က ဦးမြင့်စိုး၏ ခွင့်ပြုချက်မရှိဘဲ လိမ်လည်ရောင်းချကြောင်း သိရှိရသဖြင့် ဥပဒေအရ အရေးယူရန်ဆောင်ရွက်နေပါသည်။ ဝယ်ယူထားသူများအနေဖြင့် ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်း မဟုတ်သဖြင့် တရားဝင်ပိုင်ဆိုင်ခွင့် မရရှိနိုင်သောကြောင့် ယင်းမြေပေါ်မှ(၇)ရက်အတွင်း ဖယ်ရှားထွက်ခွာပေးရန်၊ လိုက်နာခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်ရွှေ(LL.B) တရားလွှတ်တော်ရှေ့နေ
အခန်း-၁၀၅၊ တိုက်အမှတ်-၇၊ **Commercial Area.**
စက်မှုဇုန်-၃၊ ရွှေပြည်သာမြို့နယ်။






ဆောင်းပါး

# သီရိခေတ္တရာ (သို့မဟုတ်) သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့

à cifrmifX;(ynma&;)

စာရေးသူသည် ကျောင်းသားဘဝကပင် ခရီးထွက်ရခြင်းကို ဝါသနာထုံလှပါသည်။ သို့ဖြစ်၍ အလုပ်အားလျှင်အားသလို မိမိမရောက်ဘူးသေးသည့်ဒေသများသို့ သွားရောက်လေ့ရှိသည်။ မိမိတတ်နိုင်သည့်အနေဖြင့် မိမိတပည့်များကိုလည်း ရောက်သင့်ရောက်ထိုက်သည့် နေရာများ၊ အထိမ်းအမှတ်နေရာများ၊ သမိုင်းဝင်နေရာများသို့ ပို့ပေးနိုင်ခဲ့ပါသည်။

အောက်တိုဘာကျောင်းပိတ်ရက်အတွင်း ရှမ်းပြည်တောင်ပိုင်းသို့ ခရီးဆက်ခဲ့၏။ ယခုဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း နေရာရွေးချယ်ရာတွင် အာသီသပြင်းပြလှသည့် နေရာဒေသတစ်ခုဖြစ်သော သရေခေတ္တရာ ပျူယဉ်ကျေးမှုအမွေအနှစ် (Sriketra, Pyu Cultural Heritage Region) သို့သွားရန် စီစဉ်ဖြစ်ခဲ့သည်။

ယင်းနယ်မြေသည် ပဲခူးတိုင်းဒေသကြီး၏ တောင်ဘက်ငါးမိုင်ခန့်အကွာ၊ ရန်ကုန်မြို့၏ အနောက်မြောက်ဘက် မိုင် ၁၈၀ ခန့်အကွာတွင် တည်ရှိသည်။ အေဒီ ၄ ရာစုမှ ၉ ရာစုအတွင်း ထွန်းကားခဲ့သည့် ရှေးပျူမြို့ဟောင်းတစ်ခုဖြစ်သည်။ သရေခေတ္တရာပျူမြို့ဟောင်းကို ဂဝံပတေ့အရှင်သူမြတ်အမှူးပြု၍ ဒွတ္တပေါင်မင်းကြီးတည်ထောင်ခဲ့ပြီး မင်းစဉ်မင်းဆက် အုပ်စိုးခဲ့ကြသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးမှ ကောက်နုတ်ဖော်ပြချက်တွင် သရေခေတ္တရာမင်းဆက် ၂၇ ဆက်ကို ဖော်ပြထားသည်။

သရေခေတ္တရာပျူမြို့ဟောင်းသည် စက်ဝိုင်းပုံမကျ ဘဲဥပုံမကျသော အဝိုင်းပုံသဏ္ဍာန်ဖြစ်သည်။ မြို့ရိုး၊ ကျုံးနှင့်အတူ နန်းတော်ရာ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဆင်းတုတော်များ စသည်တို့ကို တွေ့ရှိရသည်။ မြို့ရိုးသည် (၈ မိုင် ၈ ဖာလုံ) ရှိ၍ ဧရိယာအားဖြင့် ၅ ဒသမ ၅ စတုရန်းမိုင်ကျယ်ဝန်း၏။

မြန်မာနိုင်ငံတွင်တွေ့ရှိရသည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်းများသည် ဗုဒ္ဓဘာသာကိုအခြေခံ၍ တည်ထောင်ခဲ့သည့် မြို့ပြနိုင်ငံများဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှဒေသဆိုင်ရာအတွက်ပါ အရေးပါသော ဗုဒ္ဓဘာသာကိုအခြေပြုသည့်အားလျော်စွာ ထင်ရှားကျန်ရှိနေသော ပျူခေတ်စေတီကြီးများ၊ ဗိသုကာလက်ရာမြောက် ဂူဘုရားများ၊ စာပေအထောက်အထားများဖြစ်သည့် ကမ္ပည်းတံဆိပ်၊ အရိုးအိုးစာ၊ ပိဋကတော်ကောက်နုတ်ချက်ပါ ရွှေပေလွှာများ (ခင်ဘကုန်းမှတူးဖော်ရရှိ၊ တန်ဖိုးကြီးမား၍ နိုင်ငံတော်အဆင့်သိမ်းဆည်းထား) ကျောက်စာများ၊ အေဒီ ၂ ရာစုမှ ၉ ရာစုခန့်ထိတွေ့ရသော ကျောက်ဆစ်လက်ရာများ၊ ကျောက်ဆစ်ရုပ်ကြွင်းများ၊ အနုသုခုမဆိုင်ရာ ကြေးရုပ်ငယ်များ၊ ငွေဒင်္ဂါးများ၊ ပျူအမှတ်အသား၊ စာအရေးအသားနှင့် လက်ရေးစင်းရာပါထင်ရှားသည့် အုတ်ချပ်များ၊ မြို့ပြအသွင်သဏ္ဌာန်နှင့် လက္ခဏာရပ်များသည် ပျူယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများပင်ဖြစ်သည်။

ထို့ပြင် နန်းတော်တည်နေပုံ၊ မြို့ရိုး၊ တံတိုင်း၊ ကျုံး၊ မြို့ဝင်ပေါက်တံခါးများ၊ ရေအသုံးချမှုစနစ်နှင့် ရေသွင်းစိုက်ပျိုးသောစနစ်များ စသည့် အရှေ့တောင်အာရှဒေသဆိုင်ရာအတွက် အရေးပါသောပြောင်းလဲမှုအဖြစ် ဗုဒ္ဓယဉ်ကျေးမှုကိုအခြေပြုသည့် မြို့ပြဆိုင်ရာတွေ့ရှိချက်များဖြစ်သည်။

ထူးခြားချက်မှာ မြှုပ်နှံသင်္ဂြိုဟ်မှုပုံစံပင်ဖြစ်သည်။ ရှေးဟောင်းပျူသင်္ချိုင်းများကို မြို့၏တောင်ပိုင်းတွင်တွေ့ရသည်။ ဗိဿနိုးမိဖုရားသင်္ချိုင်းမှာ ကျောက်ထွင်းအိုးကြီးများအဖြစ်တွေ့ရ၏။ မီးသင်္ဂြိုဟ်၍ အရိုးပြာများကို ထည့်သွင်းမြှုပ်နှံကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်ကဖြစ်သည်။ သာမန်အဆင့်မြှုပ်နှံမှုကို မြေအိုးငယ်ကလေးများနှင့်သူ့အချိန်ကျမှ မြှုပ်နှံလေ့ရှိသည်။ ယခုတွေ့ရှိရသည့် သာမန်အဆင့်ပျူသင်္ချိုင်းမှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်က ဖြစ်သည်။ မြင့်မြတ်သည့်အရှင်သူမြတ်များကိုမူ ရွှေရောင်အဆင်းရှိ ကြေးအိုးကြီးများနှင့် မြှုပ်နှံလေ့ရှိသည်။ သေဆုံးသူအချို့၏ အရိုးအစကလေးများနှင့် သံမယ်နကလေးများ ထည့်သွင်းမြှုပ်နှံထားသည်ကိုလည်း တွေ့ရ၏။ အုတ်ချပ်များပေါ်တွင်ရေးသားထားသည့် အမှတ်အသားများသည်လည်း တစ်ခုနှင့်တစ်ခု မတူချေ။ ပျူခေတ်သည် သံခေတ်အတွင်းကျရောက်၍ သံရည်ကျိုဖိုကြီးများကို လေကြောင်းပေါ်မှ တည်၍ တည်ဆောက်ထားကြောင်း၊ တရုတ်နိုင်ငံမှ လာရောက်လေ့လာချက်အရဆိုလျှင် ဤမျှကြီးမားသည့် သံရည်ကျိုဖိုမျိုး တရုတ်နိုင်ငံမှာပင်မရှိဟုဆိုကြောင်း တာဝန်ကျမောင်ဇာနည်က ရှင်းပြ၏။

သံခေတ်တွင်းကျရောက်၍ သံထည်ပစ္စည်းဆိုင်ရာ ယုံကြည်မှုရှိသည်ကို တွေ့ရ၏။ ပျူလူမျိုးများသည် သံမယ်နများ၊ သံတံခါးစောင့်နတ်ရုပ်များနှင့်ပတ်သက်၍လည်း ယုံကြည်မှုရှိသည်။ ဒွါရပါလ တံခါးစောင့်နတ်ရုပ်များသည် မြို့ကိုစောင့်ရှောက်ရန်အတွက် စိုက်ထူခြင်းဖြစ်သည်။ မကောင်းဆိုးဝါးများနှင့် ရန်သူများကို ကာကွယ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြသည်။

> ပျူခေတ်သည် သံခေတ်အတွင်းကျရောက်၍ သံရည်ကျိုဖိုကြီးများကို လေကြောင်းပေါ်မှုတည်၍ တည်ဆောက်ထားကြောင်း . . .

ပျူခေတ်တစ်လျှောက်လုံးတွင် ထေရဝါဒဗုဒ္ဓဘာသာကို အဓိကယုံကြည်ကိုးကွယ်ခဲ့သည်။ မဟာယာနဗုဒ္ဓဘာသာလည်း ထွန်းကားခဲ့သည်။ ရုပ်တုများ၊ ကျောက်ချပ်အထောက်အထားများအရ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ တစ်ပြိုင်တည်းထွန်းကားခဲ့ကြောင်း ယူဆရသည်။

သရေခေတ္တရာတွင် ဗိဿနိုးကိုးကွယ်မှုဓလေ့ရှိကြောင်းလည်း တွေ့ရ၏။ ဗြဟ္မာဏအယူဝါဒဆိုင်ရာ အထောက်အထားများတွေ့ရှိရ၏။ ဗိဿနိုးရုပ်တုများကို တွေ့ရှိရခြင်းသည် ဗိဿနိုးနတ်မင်းကြီး၏ ချက်တော်မှထွက်လာကြသည်ဟု ယူဆကြသည်။ ဗိဿနိုးရုပ်တုများသည် မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရခြင်းဖြစ်သည်။

သီရိခေတ္တရာ (ဝါ) မော်ဇာပြတိုက်အတွင်း ထူးထူးခြားခြားဖော်ပြထားသည်မှာ ပျူစာခင်ဘရွှေပေချပ်ဆိုင်ရာ ပါဠိတော်မြန်မာပြန်ပင်ဖြစ်သည်။ ထို့ပြင် ယင်းပြတိုက်အတွင်းမှာပင် ပျူခေတ် ရွှေပန်းတိမ်၊ ငွေပန်းတိမ်အတတ်ပညာများနှင့် လက်ရာများ၊ ပျူပုတီးများ၊ ဗိသုကာလက်ရာများနှင့် အနုပညာသည်များ၏ ကြေးရုပ်များမှာ အချိန်ယူ၍ကြည့်လေ ရှုမငြီးနိုင်လေဖြစ်၏။

စင်စစ် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများတွင် သရေခေတ္တရာသည် အကြီးဆုံးနှင့် သက်တမ်းအရှည်ဆုံးဖြစ်၏။ သရေခေတ္တရာဟူသည် "ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောမြို့" ဟု အဓိပ္ပာယ်ရပါသည်။ ပြည်မြို့အနီး မော်ဇာရွာတွင်တည်ရှိသည်။ (ပြည်ပေါက်ခေါင်းလမ်းဘေး) မြို့ဟောင်းတွင် မော်ဇာအပါအဝင် ကျေးရွာပေါင်း ၁၇ ရွာပါဝင်သည်။

စင်စစ် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ပျူရှေးဟောင်းအထောက်အထားများနှင့် ယဉ်ကျေးမှုနယ်မြေအတွင်း တွေ့ရှိလေ့လာရမှုများသည် စာဖြင့်ရေးဖွဲ့၍ဖြင့် မပြည့်စုံနိုင်။ ကိုယ်တိုင်ကိုယ်ကျလေ့လာကြရန် များစွာထိုက်တန်လှ၏။ ထိုနေ့က ခရစ္စမတ်ရုံးပိတ်ရက်ဖြစ်သော်လည်း ဖွင့်လှစ်ပေးသည့်အတွက် အများပြည်သူများသာမက နိုင်ငံခြားသားများပင် လာရောက်ကြည့်ရှုခွင့်ရကြသည်။ ပြတိုက်မှူးက လိုက်လံရှင်းပြပေးသည်ကို ကျေးဇူးတင်ရှိပါသည်။ အ. မ. က (လက်ပံပု) ကျောင်းမှ မူလတန်းအဆင့်ကျောင်းသားကလေးများ လာရောက်လေ့လာနေကြသည်ကို တွေ့ရ၍ အားကျဖွယ်ကောင်းလိုက်ပါဘိ။

စာရေးသူသွားရောက်သည့် ခရီးစဉ်ကလေးသည် နှစ်ရက်မျှသာကြာပါသည်။ သို့သော် ရရှိခံစားလိုက်ရသည့် အကျိုးတရားကား များလှစွာ၏။ ပြည်မြို့သို့ရောက်သည့်နေ့ကပင် တစ်ဖက်ကမ်းဆင်တဲသို့ နဝဒေးမြစ်ကူးတံတားဖြတ်ကာ ရောက်ခဲ့သေး၏။ မိတ်ဆွေအလယ်တန်းပြဆရာမတစ်ဦး၏ အလျင်အမြန်စီစဉ်ပေးမှုဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူတစ်ရာခန့်အား စာမေးပွဲဆိုင်ရာသိကောင်းစရာများ ၁ နာရီခွဲခန့်ဟောပြောဖြစ်ခဲ့သေး၏။ အပြန်လမ်းတွင်လည်း ရွှေတောင်မြို့နယ် ဝါလည်ရွာရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအထိမ်းအမှတ်စာကြည့်တိုက်သို့ ဝင်ရောက်ခွင့်ရခဲ့သေး၏။

ပျူမြို့ဟောင်းမှအပြန်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်ရှိခဲ့သည့် မြန်မာ့ရှေးဟောင်းလူတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာတည်ရှိနေခဲ့မှုကို တွေးတောနေမိ၏။ ပကတိတူးဖော်တွေ့ရှိမှုများဖြင့် ရှေးဟောင်းကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့တွင် (၃၈) ကြိမ်မြောက် ကုလသမဂ္ဂဆိုင်ရာ ယူနက်စကိုအဖွဲ့မှ ကြေညာနိုင်ခဲ့ပြီဖြစ်၏။

ဤရှေးဟောင်းနယ်မြေများသို့ ပြည်တွင်းပြည်ပဧည့်သည်များ တဖွဲဖွဲဝင်ရောက်နေသည်ကို တွေ့ရ၏။ ပြည်ပဧည့်သည်များ အဆင်ပြေချောမွေ့စွာ လေ့လာနိုင်ရေး၊ လုံခြုံဘေးကင်းမှုရှိရေး၊ လမ်းပန်းခရီးကောင်းမွန်ရေးသည် အိမ်ရှင်နိုင်ငံသားများပေါ်တွင် တာဝန်များစွာကျရောက်လာသည်ကိုလည်း သတိမူမိကြဖို့လိုပါသည်။

## ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းမှု သရုပ်ပြသ

**တောင်သာ၊ ဇန်နဝါရီ ၇**

မြင်းခြံခရိုင် တောင်သာမြို့နယ် သာယာကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၉၇၃-က) ရှိ တောင်သူဦးစောဌေး၏ မိုးစပါးစိုက်ခင်းငါးဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းမှုသရုပ်ပြပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရိတ်သိမ်းပွဲတွင် တောင်သူများ အထွက်ကောင်းမျိုးအသုံးပြုပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များအသုံးပြုရန် အရေးကြီးကြောင်း၊ ဆည်ရေသောက်ဒေသများတွင် သီးနှံပုံစံအရ သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ယခုကဲ့သို့ ရိတ်သိမ်းခြွေလှေ့စက်များလိုအပ်ကြောင်း၊ လယ်ယာလုပ်သားရှားပါးမှုကိုဖြေရှင်းရန် စက်မှုလယ်ယာစနစ်အားကူးပြောင်းရန်လိုအပ်ကြောင်း၊ အလေအလွင့်နည်းစေရန်နှင့် စိုက်ချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမြင်းခြံခရိုင်ဦးစီးမှူး ဦးမြင့်လင်းက တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ရိတ်သိမ်းပွဲသို့ မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်းနှင့် ဝန်ထမ်းများ၊ ခရိုင်စက်မှုလယ်ယာ ဦးစီးမှူးဦးမြင့်လွင်နှင့် ဝန်ထမ်းများ၊ တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့သည်။

**ကျော်မျိုးနိုင်(တောင်သာ)**


## ဦးဝင်းထွန်းအောင် [၉/အမရ(နိုင်)၁၁၆၀၂၃]နှင့် အများသိစေရန်ကြေညာခြင်း

ဗိုလ်ကြီးဝင်းထွန်းအောင်(ငြိမ်း)၊ (ဘ)ဦးဌေးလွင်၊ (အမိ)ဒေါ်သန်းနွဲ့[၉/အမရ(နိုင်)၁၁၆၀၂၃]သည် MHTT ကုမ္ပဏီတွင် Admin Manager အစမ်းခန့်ရာထူးဖြင့် ၂၀၁၄ခုနှစ်၊ ဇွန်လတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး၊ လုပ်ငန်းတာဝန်များအား ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိသဖြင့် အစမ်းခန့်ကာလပြီးဆုံးချိန်တွင် တာဝန်မှနုတ်ထွက်ခွင့်ပြုခဲ့ချိန်၌ ကုမ္ပဏီပိုင်ငွေကြေးများ၊ ပစ္စည်းများအား လွှဲပြောင်းရှင်းလင်းပေးအပ်ခဲ့ခြင်းမရှိသည့်အပြင် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ ငွေကြေးများအား လက်ခံလွှဲပြောင်းထုတ်ယူသွားခဲ့ပြီး ရှာဖွေစုံစမ်းမရနိုင်အောင် ပုန်းရှောင်နေလျက်ရှိပါ၍ ဦးဝင်းထွန်းအောင်လက်ဝယ်ရှိ ကုမ္ပဏီသို့ပေးအပ်ရှင်းလင်းရမည့်ငွေများနှင့်MHTT ကုမ္ပဏီ၏ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများထံမှ ရယူသွားသည့်ငွေကြေးများအား ယနေ့မှစ၍ (၁၄)ရက်အတွင်း MHTT ကုမ္ပဏီသို့ မပျက်မကွက်လာရောက်ရှင်းလင်းပေးရန်နှင့် စောင့်ဆိုင်းပေးသည့် (၁၄)ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ရှင်းလင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ

ဦးချမ်းငြိမ်းအောင်(**M.D**)
[၉/မရမ(နိုင်)၀၀၂၀၄၂]
**MHTT Co.,Ltd.**

ဒေါ်ခင်မာလွင် (**LL.B,D.B.L**)
(စဉ်-၇၆၅၂)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၂၃၃)၊ (၆)လွှာ၊ ခေါင်းရင်းခန်း၏ အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ်သူ ဒေါ်သီသီအောင်[၁၂/အလန(နိုင်)၀၂၈၀၈၉]ဆိုသူထံမှ ဝယ်ယူရန် ကျွန်တော့်မိတ်ဆွေက စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။

တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ကန့်ကွက် နိုင်ကြပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးအောင်(၆၉၁၄) **B.A,R.L,D.B.L,B.D.S** (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-73002607**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ ဦးပိုင်အမှတ်(H/၁၅၆)၊ မြေအမျိုးအစား လ/န(၃၉)လျှောက်ထားဆဲ၊ အိမ်ရာမြေ(စလစ်မြေ)ဟုခေါ်တွင်သော အကျယ်အဝန်း ၀.၀၅၅ဧက မြေကွက်သည် သန်လျင်မြို့၊ မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ကျွန်ုပ် ဦးဇော်ဝေ[၁၂/ဒဂန(နိုင်)၀၁၈၄၈၃]အမည်ပေါက် မြေကွက် ဖြစ် ပါသည်။ အဆိုပါမြေကွက်နှင့်သက်ဆိုင်သော မြေချစလစ်မူရင်းနှင့် စာရွက်အချို့ပျောက်ဆုံးနေ ပါကြောင်းနှင့် ကျွန်ုပ်မှတစ်ဆင့် အခြားသူများသို့ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းထားခြင်း မရှိပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
(ဦးဇော်ဝေ)

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းထက်ထက်နိုင် (စဉ်-၃၉၁၇၂)
ဒေါ်ဝါဝါကို(သန်လျင်) (စဉ်-၄၃၉၉၉)
အထက်တန်းရှေ့နေများ

## ဦးစိုင်းရွက်နှင့်အစ်မဖြစ်သူ ဒေါ်နန်းကွယ်ဖောင်းတို့သိစေရန်

လူကြီးမင်းတို့မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းညို [၃/ဘအန(နိုင်)၁၆၂၆၆၃] ကိုင်ဆောင်သူထံမှ ရရန်ရှိသောငွေများကို ကျွန်ုပ်နှင့်အမြန်ဆက်သွယ်လျက် ရယူပါရန် အသိပေးအကြောင်း ကြားပါသည်။

ဒေါ်သန်းညို၏မိတ်ဆွေ
ဦးအောင်ထူး (**LL.B**)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၀၅)
အမှတ်-၄/၁၀၉၆၊ မေတ္တာလမ်း၊ ဘားအံမြို့။ ဖုန်း-၀၉၅၆၆၀၄၅၂

## အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာရှင်လမ်း၊ အမှတ်(၇၈၆/က)၊ ကန်ထရိုက်တိုက်မှ တိုက်ခန်းများ ဝယ်ယူထားပါသည်။ အထက်ဖော်ပြပါလိပ်စာတွင် မြေနေရာ အကျယ်အဝန်းပေ(၂၀×၆၀)၊ ၅ ½တိုက်မှ စတုတ္ထထပ်(ခ)၅လွှာကို ရောင်းချသူ ကန်ထရိုက်တာ ဦးလှဝင်း (TME-၀၃၆၄၄၁) ဇင်ကိုထက်ဆောက်လုပ်ရေးထံမှ ကျွန်ုပ် ဦးဇက္ကရိယာ[၁၂/ပဘတ (နိုင်)၀၁၆၆၈၅]သည် အဆိုပါတိုက်ခန်းကို တိုက်ခန်း၏ တန်ဖိုးငွေအား ၉-၁၂-၂၀၁၄ရက်တွင် အပြီးပေးချေပြီးကြောင်းနှင့် မြေရှင်ဖြစ်သူ ဒေါ်ချိုချိုမော်[၁၂/သကတ(နိုင်)၁၂၀၇၁၉]မှလည်း အသိအမှတ်ပြု လက်မှတ်ရေးထိုးထားပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇက္ကရိယာ
[၁၂/ပဘတ(နိုင်)၀၁၆၆၈၅]
အမှတ်-၂၅၁/ဗိုလ်အောင်ကျော်လမ်း၊ (၉)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၅၉၇၈၉၈၊ ၀၉-၅၁၉၄၆၃၉

# နမ့်တုတ်သဘာဝရေတံခွန်သို့ သွားရာလမ်းရှိအမှိုက်ပုံကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်း



**သီပေါ၊ ဇန်နဝါရီ ၇**

သီပေါမြို့၏ နိုင်ငံခြားသားဧည့်သည်များ သွားရောက်လည်ပတ်ရာတစ်ခုဖြစ်သော နမ့်တုတ်သဘာဝရေတံခွန်သို့ သွားရာလမ်းရှိ အမှိုက်ပုံကြီးများကို သီပေါ မြို့နယ်စည်ပင်သာယာကော်မတီနှင့် စည်ပင်သာယာရေးဌာနတို့မှ စက်ယန္တရားကြီးများအကူအညီရယူပြီး ဖယ်ရှားရှင်းလင်းနေကြောင်း သိရသည်။

ဒေသခံအချို့မှာ သတ်မှတ်နေရာ၌ စည်းကမ်းတကျ အမှိုက်မပစ်ဘဲ အလွယ်တကူစွန့်ပစ်ခဲ့ကြသောကြောင့် နမ့်တုတ်သဘာဝရေတံခွန်သို့ သွားရာလမ်း၌ အမှိုက်ပုံများဖြစ်ကာ လမ်းမှာ အလွန်ကျဉ်းမြောင်းလာပြီး နိုင်ငံခြားခရီးသွားများ၏အမြင်တွင် အကျည်းတန်သောမြင်ကွင်းဖြစ်နေသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သီပေါမြို့သည် ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ဖွဲ့စည်းထားပြီး လူနေသိပ်သည်းများပြားသော မြို့တစ်မြို့ဖြစ်သည်။ မြို့မဈေးကြီးနှင့် ပျံကျဈေးဟူ၍ အဓိကဈေးနှစ်ဈေးရှိသည်။ မြို့ပေါ် ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ဈေးနှစ်ဈေးမှ စွန့်ပစ်သောအမှိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနပိုင် အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် နေ့စဉ်လိုက်လံသိမ်းဆည်းခဲ့သည်။

ယင်းအမှိုက်များကို မြို့နယ်စည်ပင်ကော်မတီမှ သီပေါမြို့ပြင် တရုတ်သုသာန်အထက်ရှိ အမှိုက်ပစ်ကန်သို့ စနစ်တကျသွားရောက်စွန့်ပစ်သည်။ အချို့ကလည်း ကိုယ်ပိုင်ယာဉ်၊ ထော်လာဂျီတို့နှင့် သတ်မှတ်နေရာသို့ အမှိုက်များကို သွားရောက်စွန့်ပစ်ကြသည်။ **လှမောင်လတ်**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေး ငါန်းဇွန်တွင် ညှိနှိုင်းဆွေးနွေး

**ငါန်းဇွန်၊ ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းရှင်းလင်းဆောင်တွင် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်သည် တာဝန်ရှိသူများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လာရောက်တွေ့ဆုံဆွေးနွေးရခြင်းသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်က ယင်းနေ့က ပြောကြားခဲ့သည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ငန်းအမျိုးအစားလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြနိုင်ကြောင်း၊ အများအားဖြင့် လယ်ယာမြေလျော်ကြေးငွေများကို ပေးလျော်ပြီးဖြစ်ကြောင်း၊ အနည်းငယ်သာကျန်ရှိတော့ကြောင်း၊ ယခုတည်ဆောက်နေသော မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း ပြီးဆုံးပါကပတ်ဝန်းကျင်ဒေသများမှ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ယင်းကပြောကြားခဲ့သည်။

ယင်းနောက်ဝန်ကြီးသည် မီဒီယာများနှင့်တွေ့ဆုံပြီး မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်

**ကသာ၊ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အမှတ်(၅)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အမှတ်(၅)ရပ်ကွက် ဇေယျာသီရိလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်လှစ်ရာတွင် ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဌေးက ဇေယျာသီရိလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်မှာ အရှည် ပေ ၁၅၀၀၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးကော်မတီမှ ကတ္တရာနှင့် နည်းပညာ၊ ယန္တရားစုစုပေါင်းကျသင့်ငွေ ၆၁ သိန်းနှင့် ပြည်သူလူထုမှ ကျောက်ဖိုးနှင့် လုပ်အားခကျသင့်ငွေ ၅၈ သိန်း စုစုပေါင်း ၁၁၉ သိန်း ကုန်ကျခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ရဲကို(ပြန်/ဆက်)**

# မော်လမြိုင်တွင် ဒေါက်တာလှဘေအထိမ်းအမှတ် (ပညာပါရမီ) စာကြည့်တိုက်ဖွင့်လှစ်

**မော်လမြိုင်၊ ဇန်နဝါရီ ၇**

လူသားအရင်းအမြစ်ရှင်သန်ဖွံ့ဖြိုးစေရန်နှင့် အသိအမြင်၊ အတွေးအခေါ် ဗဟုသုတများ ရင့်ကျက်ခိုင်မာမှုရှိစေရန် ရည်ရွယ်၍ ဒေါက်တာလှဘေ (ပညာပါရမီ) စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ ရက် ညနေ ၃ နာရီခွဲက မော်လမြိုင်မြို့ မြိုင်သာယာရပ် သမိန်ဗရမ်းလမ်းရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်းက စာကြည့်တိုက်ဖြစ်မြောက်အောင် ဆောင်ရွက်မှုအခြေအနေများအား တင်ပြပြီး စာကြည့်တိုက်ကော်မတီနာယက ဦးကြီးစိန်၊ နာယက ဒေါက်တာ တင်စိုးနှင့် ဥက္ကဋ္ဌ ဦးခင်ထွန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။

ဒေါက်တာလှဘေ (ပညာပါရမီ) စာကြည့်တိုက်မှာ ပေ ၄၀ × ၆၀ ခြံဝင်းတွင် အကျယ် ၃၀ ပေ၊ အရှည် ၄၅ ပေရှိ သွပ်မိုး အုတ်ကာ ပျဉ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး ဒေါက်တာတင်စိုး-ဒေါ်ချိုချိုစန်းမိသားစုမှ အဆောက်အအုံတန်ဖိုးထက်ဝက်ကို လှူဒါန်းခဲ့သည်။

အဆိုပါစာကြည့်တိုက်ကို ကွယ်လွန်သူ လန်ဒန်တက္ကသိုလ် အငြိမ်းစားမြန်မာစာပါမောက္ခ ဒေါက်တာလှဘေအား ဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆရာကြီးသည် လန်ဒန်ပညာရေးကောလိပ်မှ ၁၉၃၉ တွင် ဒီပလိုမာရရှိခဲ့ကာ ၁၉၄၄ တွင် ပါရဂူ (Ph.D)ဘွဲ့ကို ရရှိခဲ့သူဖြစ်သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ လန်ဒန်မြို့ B.B.C မြန်မာပိုင်းအစီအစဉ် သတင်းဝေဖန်သူ၊ ဘာသာပြန်ဆရာ၊ အသံလွှင့်သူ စသည်ဖြင့် တာဝန်ထမ်းဆောင်ရင်း မြန်မာအင်္ဂလိပ်အဘိဓာန်ကို ကူညီပြုစုခဲ့သည်။

၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အယ်ဒီတာလက်ထောက်၊ တွဲဖက်အယ်ဒီတာ တာဝန်များကိုထမ်းဆောင်ခဲ့ပြီး ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသားများအား၊ စာသင်ကြားရုံသာမက လန်ဒန်တက္ကသိုလ်ဝင် G.C.E (O) အဆင့်စာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းကော်မရှင်စာမေးပွဲများတွင် ပါဝင်စစ်ဆေးခဲ့သည်။ ဆရာကြီးသည် အင်္ဂလိပ်၊ မြန်မာဘာသာများဖြင့် စာအုပ်များစွာရေးသားခဲ့ပြီး ထင်ရှားသောစာအုပ်တချို့မှာ မြန်မာစာပေဧည့်ခံစာတမ်း၊ အတွေးအမြင်စာစု၊ ကုမ္မာရီပြဇာတ်၊ မြန်မာစကားပုံ၊ မြန်မာအင်္ဂလိပ်အဘိဓာန် အပိုင်း (၂) မှ (၆) အထိ၊ ၁၉၈၅ ခုနှစ်တွင် စင်္ကာပူနိုင်ငံမှထုတ်ဝေသော မြန်မာနိုင်ငံအင်္ဂလိပ်တို့ ဖြစ်သည်။

ယင်းအပြင် ဒိန်းမတ်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ ဂျာမဏီ၊ ပြင်သစ်၊ အိန္ဒိယတက္ကသိုလ်များတွင် ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သူ မြန်မာပြည်၏ဂုဏ်ဆောင် တစ်ဦးတည်းသော လန်ဒန်တက္ကသိုလ် မြန်မာစာပါမောက္ခဖြစ်သည်။ **ဆက်နေမင်းအောင်**










# မိတ္ထီလာ ဒဟတ္တန်းကျေးရွာတွင် ဆောင်းနေကြာ အများအပြား စိုက်ပျိုးအောင်မြင်လျက်ရှိ



**မိတ္ထီလာ၊ ဇန်နဝါရီ ၇**

မိတ္ထီလာမြို့ ကွက်ငယ် ကျေးရွာအုပ်စု ဒဟတ္တန်းကျေးရွာတောင်သူများစိုက်ပျိုးသည့် ဆီထွက်သီးနှံ ဆောင်းနေကြာ အများအပြားစိုက်ပျိုးအောင်မြင်လျက်ရှိကြောင်းသိရသည်။

"ဒီနှစ်တော့ ဒဟတ္တန်းကျေးရွာတောင်သူအများစုဆောင်းနေကြာကို အများအပြားစိုက်ပျိုးကြတယ်။ မြေအစိုဓာတ် ရှိရုံနဲ့ စိုက်ပျိုးလို့ရတဲ့ သီးနှံဖြစ်ပြီး စနစ်တကျစိုက်ပျိုးရင် အောင်မြင်နိုင်တဲ့ သီးနှံဖြစ်တာမို့ စိုက်ပျိုးသင့်တဲ့ သီးနှံဖြစ်ပါတယ်။ နေကြာတစ်တင်းကို ဆီ လေးပိဿာကနေ လေးပိဿာခွဲအထိထွက်ရှိပြီး တစ်ဧက ဆီပိဿာ ၂၂၀ ကနေ ပိဿာ ၂၄၀ အထိထွက်ရှိနိုင်တဲ့ ရေဆင်းစပ်မျိုးနေကြာတစ်မျိုးကို မျိုးရွေးချယ်စိုက်ပျိုးကြတာများတယ်"ဟု ဒေသခံနေကြာစိုက် တောင်သူတစ်ဦးကပြောသည်။

မိတ္ထီလာတွင်နေကြာကို ကွက်ငယ်ကျေးရွာအုပ်စုအတွင်းရှိ ဒဟတ္တန်းကျေးရွာနှင့်ပန်းသွင်း၊ ရွာသစ်၊ ကြာကန်များအပြင် အိုင်ကြီးလည်း၊ ကုက္ကိုကုန်း၊ငွေးချို၊ မုန်တိုင်၊ ရေဝေ၊ ဇရပ်ကုန်း၊ညောင်ကုန်း၊ ညောင်ဇောက်၊ ရေချို၊ ကျောင်းရွာ၊ ဆပ်ခင်းပေါက်စသည့် ကျေးရွာများတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

(၁၇၉)

## ယင်းမာပင်မြို့နယ် က/သီးကုန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်

**ယင်းမာပင်၊ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသန်းမျိုးဦးဆောင်သော ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက်၊ နံနက် ၈ နာရီမှစတင်ပြီး ဇန်နဝါရီ ၄ ရက်ထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀ ကို ယင်းမာပင်မြို့နယ် က/သီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က အနီးကပ်ကြီးကြပ်စစ်ဆေးပြီး အသက် ၁၀ နှစ်၊ ၁၈ နှစ်ပြည့် နိုင်ငံသားအရည်အချင်းပြည့်မီသူများကို အထူးဦးစားပေးကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခင်ထုတ်ပေးပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ပျက်သူများရှိသော် မြို့နယ်လ. ဝ. ကရုံးတွင် အသစ်ပြန်လည် ပြုလုပ်နိုင်ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်ပုံအဆင့်ဆင့်ကို ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရှင်းလင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ က/သီးကုန်းကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းမှာ မြို့နယ်နှင့်သွားလာမှုတွင် ခရီးမိုင် ၂၀ ကွာဝေးသော က/သီးကုန်းကျေးရွာကို အထူးဦးစားပေးကာ မိုးပွင့်အဆင့်အထူးစီမံချက်ဖြင့် ပထမအကြိမ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီလုပ်ဆောင်ပေးသောကြောင့် ကျေးဇူးတင်ကြောင်း၊ ဆက်လက်ပြီး မြို့နယ်နှင့်ခရီးမိုင်ဝေးသော ကျန်ရှိသည့်ကျေးရွာများမှ ပြည်သူများအတွက်လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လ. ဝ. ကဦးစီးဌာနမှူး ဦးသန်းမျိုးက ပြောသည်။

"ယခင် ဒီဇင်ဘာလထဲက ကျွန်တော်တို့ရွာကိုလည်း အခုလို တာဝန်ရှိသူများက အသက် ၁၀ နှစ်၊ ၁၈ နှစ်ပြည့် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၄၀၀ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၀၀ ကို မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ထုတ်ပေးခဲ့ပါတယ်။ အလားတူ ယနေ့မှာ ကျွန်တော်တို့ရွာနဲ့ တစ်ဆက်တည်းကပ်လျက်ရှိတဲ့ က/သီးကုန်းကျေးရွာ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၀ ကို စစ်ကိုင်းတိုင်းဒေသကြီး လ. ဝ. ကဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်၏ကြီးကြပ်မှုဖြင့် မြို့နယ် လ. ဝ. ကမှ တာဝန်ရှိသူဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးလို့ အထူးကျေးဇူးတင်ဝမ်းမြောက်မိပါတယ်" ဟု က/သီးကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းက ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ချင်းပြည်နယ် ၂၀၁၄–၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**ဟားခါး၊ ဇန်နဝါရီ ၇**

ချင်းပြည်နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'စုံညီပွဲတော် ဒို့နွဲပျော်' သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားရာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အဓိကဖြစ်ကြောင်း၊ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုသည့်အတိုင်း ကလေးများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဒေါ်ဝင်းကြည်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူး ထူးချွန်ဆုများ၊ ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ ဘက်စုံပညာထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးမြို့နယ်နှင့်ကျောင်းများ၊ ပညာတန်ဆောင်မှ ကြီးမှူးကျင်းပသည့် ပြည်နယ်အဆင့် ထူးချွန်ဆုရ ဆရာ၊ ဆရာမများနှင့် ထက်၊ လယ်၊ မူကျောင်းများမှ ထူးချွန်ကျောင်းအုပ်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပညာရေးစုံညီပွဲတော်ကို အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပခဲ့ပြီး ဒုတိယပိုင်းအစီအစဉ်တွင် ပညာရေးစုံညီပွဲတော်ပြခန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကင်းထောက်လူငယ်မောင်မယ်များက ပြည်နယ်ဝန်ကြီးချုပ်အား ဂုဏ်ပြုချီတက်အလေးပြုကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြကာ ကျောင်းသား၊ ကျောင်းသူလေးများက ပဒေသာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆိုလာမီးတပ်ဆင်

**မြို့သစ်၊ ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် Pro Engineering Co.ltd မှ တာဝန်ယူ၍ ဆိုလာနှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ကျေးရွာဆိုလာမီးတပ်ဆင်နေမှုအား မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များမှ ကျေးရွာဆိုလာမီး အမြန်ရရှိ၍အသုံးပြုနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

"နှစ်ရှည်အမြန်ငှားလိုသည်"
-ဒဂုံဆိပ်ကမ်းစက်မှုဇုန်
-ဒဂုံအရှေ့ပိုင်းစက်မှုဇုန်
-မြေ ၅ ဧကနှင့်အထက်၊ ဂိုဒေါင် ၂၀၀၀၀/၃၀၀၀၀ Sqr. Ft ပါရမည်။
ဆက်သွယ်ရန်-၀၉-၄၅၀၀၄၁၈၉၉၊ ၀၉-၄၂၁၁၀၈၆၂၁၊ ၀၉-၂၅၀၁၄၄၁၀၈

အမည်ပြောင်းခြင်း
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကမ္မအုပ်စု၊ အမှတ်(၁၈၄)၊ သောင်ခုံရွာသစ်၊ မူလတန်းကျောင်း၊ စတုတ္ထတန်းတွင်ပညာသင်ကြားနေသော အဖ ဦးအောင်ဇော်မိုး[၈/ပခက(နိုင်)၁၄၆၅၂၁]၏ သမီးများဖြစ်ကြသော မရွှေဇင်ကို၊ မရွှေဇင်ချိုတို့အား ယနေ့မှစ၍ မလွင်လွင်ဖြိုး၊ မလွင်လွင်မိုးဟုခေါ်ဆိုပါရန်။

မြေကွက်ရောင်းမည်
၁။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြို့ရှောင်လမ်းမပေါ်၊ ပေ(၅၀×၇၀)၊ မီးပါသည်။ သိန်း(၁၅၀၀)
၂။ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာအနောက်၊ ချစ်တီးကုန်း၊ ၁/က စံပြရပ်ကွက်၊ ၄-လမ်း၊ နှစ်(၆၀)ဂရန်မြေ၊ ရှေ့မျက်နှာစာ(၂၁)ပေ၊ အနောက်မျက်နှာ စာ(၁၆)ပေ၊ အရှေ့အနောက် ပေ(၆၀)။ သိန်း(၃၂၀)
Ph.09-31111816/09-253964174

တိုက်တစ်တိုက်လုံး အမြန်ငှားမည်
မန္တလေးမြို့၏ အချက်အချာကျသောနေရာ၊ ဈေးချိုနှင့်အနီးဆုံးနေရာတွင်
တည်ရှိသော ၂၆ ဒီလမ်း (၆)ထပ်တိုက် (မြေညီထပ်တွင်
Mezzanine(ထပ်ခိုး) ပါပြီး) အား အမြန်ဆုံးငှားမည်။
ဆက်သွယ်ရန်ဖုန်း- (၀၉) ၈၆၃၂၂၀၅၊ ၈၆၀၀၈၄၆၆၊ ၅၄၆၆၉၉၉၊ ၄၃၂၈၆၉၈၈
Location Map


ကြော်ငြာ

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၁-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၁၅ ရက်နေ့မှ ၂၂-၁-၂၀၁၅ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၇၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ၉၄၀၀၀ိ+အရည်အချင်းလစာ၁၀၀၀ိ+**M.H.R.A**၅၀၀၀ိ=၁၀၀၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။ [၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမျိုးတင့်[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန]-ဒေါက်တာဒေါ်လေးနုအောင်(မြို့နယ်ကျန်းမာရေးဦးစီးမှူး-ငြိမ်း)တို့၏သားကြီး

## မောင်မျိုးစည်သူအောင်

**B.Sc(Physics)I.M.T (CE-25)**

**M.O.T Class II,(2nd ENGINEER, UNITEAM MARINE LIMITED)**

နှင့်

မုံရွာမြို့နေ
ဒေါက်တာဦးထွန်းလှိုင်(စေတနာမွန်ဆေးကုခန်း၊ ပုလဲမြို့)-ဒေါ်ရီရီမြင့်(ကြည်မွန်သူ သီးနှံရောင်းဝယ်ရေး) တို့၏ တစ်ဦးတည်းသောသမီး

## မရည်မွန်

**B.A(GERMAN) M.U.F.L**

တို့၏ ၁၂-၁၁-၂၀၁၄ ရက် မုံရွာမြို့၊ မြစန္ဒာခန်းမတွင် ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်မင်္ဂလာအခမ်းအနား၌ စုလျားရစ်ပတ် လက်ထပ်ပေးပါသော ပါမောက္ခ ဒေါက်တာဦးဖေသက်ခင်နှင့်ဇနီး ဒေါက်တာဒေါ်မွန်မွန်အောင်၊ မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော ဒေါက်တာဦးမောင်ဝင်း (ဆေးရုံအုပ်ကြီး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး)နှင့်ဇနီး ဒေါ်ခင်စော၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဒေါက်တာဦးကံမြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြင့်ကြည်(ကလေးအထူးကုဆရာဝန်ကြီး)၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာဝန်ကြီးများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ၁၅-၁၁-၂၀၁၄ ရက် ပုလဲမြို့တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲ၌ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၈-၁၂-၂၀၁၄ရက် ရန်ကုန်မြို့၊ Sedona Hotel Grand Ballroomတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာဝန်ကြီးများ၊ သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**

**မောင်မျိုးစည်သူအောင်-မရည်မွန်**

# မင်္ဂလာဆည်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်ချုပ်လွင်ဦး(စစ်ဦးစီးအရာရှိချုပ်-လေ)-ဒေါ်မြင့်သန္တာတို့၏သားတပည့်၊
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄၅၇)၊ မြနန္ဒာလမ်းနေ
ဦးလှဝင်း(အရာခံဗိုလ်-ငြိမ်း)-ဒေါ်မို့မို့ဝင်း(အထက-၂၊ ရန်ကင်း)တို့၏ တစ်ဦးတည်းသောသား

## ဗိုလ်ကြီးရဲထက်အောင်

**B.Sc (D.S.A) တပ်မတော်(လေ)**

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၀၂)၊ ရွှေပြည်အေးလမ်း၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နေ
ဦးဝင်းနိုင်ထွန်း(Director, National Wood Industry Ltd)-ဒေါ်မြင့်မြင့်အေးတို့၏သမီးကြီး

## မဆုဆုသာ

**B.A (Eng), KBZ Bank (သုဝဏ္ဏ)**

